## မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၄)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၁ ရက်၊ စနေနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည်တိုးပွားကုန်၏။ **ဓမ္မပဒ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမြင့်တက်သော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သော ဈေးနှုန်းများထက်သက်သာလျော့နည်း၊ ပြည်ပမှစက်သုံးဆီတင်သင်္ဘောများ အဆက်မပြတ်ဝင်ရောက်လျက်ရှိ

နေပြည်တော် ဇွန် ၂၀

ကမ္ဘာ့ရေနံဈေးနှုန်းမြင့်တက်မှုကြောင့် အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်းနှင့်အတူ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသော်လည်း ပြီးခဲ့သည့်နှစ်ဆန်းပိုင်း ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင်ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းများထက် တစ်လီတာလျှင် ကျပ် ၁၀၀ မှ ကျပ် ၁၅၀ ခန့်အထိ သက်သာလျော့နည်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ကြိုတင်မှာယူထားသည့်အစီအစဉ်အတိုင်း ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများလည်းအဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး အရန်ဆီများလည်းနှစ်ပတ်စာခန့်ရှိနေ၍ ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိကြောင်း သိရသည်။

မြဝတီ



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၂၀

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

**“မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ” အပိုင်း(၁)**

ဆောင်းပါး စာ - ၁၂ သို့

# ချောင်းဆုံမြို့နယ်၌ မိုးစပါး ၂၇၀၉၅ ဧက စိုက်ပျိုးပြီးစီး

ချောင်းဆုံ ဇွန် ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁၉ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ ဇွန်လ ၂၀ ရက်အထိ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉၅၈ သိန်းထုတ်ချေးနိုင်ခဲ့ပြီး မိုးစပါး ၂၇၀၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ⇨






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၁ ရက်)

# မြန်မာ-တရုတ်စာပေဆက်နွှယ်ချစ်ကြည်မှု

စာပေသည်လူသားတို့၏စိတ်နှလုံးနူးညံ့စေသည်။ မကောင်းမှုကိုမကောင်းမှုမှန်းသိစေရန် စာပေက လမ်းညွှန်ပေးသည်။ လူသားတို့ဘဝခရီးတွင် စာပေဖတ်ရှုခြင်းဖြင့် ကောင်းကျိုးများစွာရရှိနိုင်သည်။ လူသားအချင်းချင်းဆက်ဆံရေးတွင်လည်းကောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံဆက်ဆံရေးတွင်လည်းကောင်း စာပေကြောင့် ချစ်ကြည်ရင်းနှီးမှုပိုမိုစေသည်။ စာပေကြောင့် တစ်နိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို တစ်နိုင်ငံက ပိုမိုနားလည်သဘောပေါက်စေသည်။ စာမတတ်သူသည် အကန်းနှင့်တူသကဲ့သို့ စာမဖတ်သူသည်လည်း အကြားအမြင်ချို့ယွင်းနေသူနှင့်တူလှသည်။

မြန်မာနိုင်ငံနှင့်တရုတ်နှစ်နိုင်ငံအကြားရေရှည်တည်တံ့သောပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုဖော်ညွှန်းသည့် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက်အထိမ်းအမှတ် ဓာတ်လမ်းပုံပြင်များစုစည်းမှု ပေါက်ဖော်နှလုံးသားထဲမှစကားသံများ စာအုပ်မိတ်ဆက်ပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန်လ ၁၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ကျင်းပခဲ့သည်။

နှစ်နိုင်ငံပြည်သူများအကြားချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံမှုကို ဖော်ညွှန်းသောစာပေများကို စုစည်းဆောင်ရွက်ခြင်းဖြစ်၍ လွန်စွာကောင်းမွန်သောရည်ရွယ်ချက်ဖြစ်သည်။ တရုတ်-မြန်မာဘာသာပြန် စာပေနှင့်ကဗျာများသည် မြန်မာနိုင်ငံတွင်လည်း ထင်ရှားလှသည်။ တရုတ်ဂန္ထဝင်ဝတ္ထုရှည်ဖြစ်သော Dream of the Red Chamber ဝတ္ထုသည် တရုတ်နိုင်ငံ၏ကျော်ကြားသော ဂန္ထဝင်လက်ရာလေးအုပ်ထဲမှ တစ်အုပ်အနေဖြင့်ပါဝင်သည်ဟု သိရသည်။

ထိုစာအုပ်ကို စာရေးဆရာမြသန်းတင့်(ကွယ်လွန်)က "ခန်းဆောင်နီအိပ်မက်"အမည်ဖြင့် ဘာသာပြန်ဆို ထုတ်ဝေခဲ့ရာ ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သည်။ ထိုဝတ္ထုကို GXR TV ကရိုက်ကူးပြသခဲ့ရာ တရုတ်နိုင်ငံ၌ထင်ရှားကျော်ကြားသည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်ခဲ့သည်။ ထိုဇာတ်လမ်းတွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ မြန်မာဘာသာပြန်ဆိုပြသခဲ့ရာတွင်လည်း ပရိသတ်များနှစ်ခြိုက်သဘောကျခဲ့သည်။ ထို့ပြင် နာမည်ကျော်တရုတ်စာရေးဆရာကြီး လူရွှန်းသည်လည်း မြန်မာစာဖတ်ပရိသတ်များနှင့် မစိမ်းသည့်စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ လူရွှန်း၏စာအုပ်များစွာကို ဘာသာပြန်ဆိုခဲ့ကြသည်။ လူရွှန်း၏ Selected Works of Lu Hsun စာအုပ်ကို စာရေးဆရာကြီးစိုးမြိုင်က "လူရွှန်း၏လက်ရွေးစင်စာပေ"ဟု ဘာသာပြန်ဆိုရေးသားခဲ့သည်။ မြန်မာစာဖတ်ပရိသတ်များနှစ်သက်ကြသည်။ စာရေးဆရာမြသန်းတင့်၏ ကမ္ဘာ့ဂန္ထဝင်ဝတ္ထုတို ၂၅ ပုဒ်စုစည်းထုတ်ဝေခဲ့ရာတွင် စာရေးဆရာလူရွှန်း၏စာပေများပါဝင်ခဲ့သည်။

ယနေ့ခေတ်ကာလတွင် မြန်မာ-တရုတ်နှစ်နိုင်ငံဘာသာစကားကျွမ်းကျင်သူလူငယ်များ အများအပြား ပေါ်ထွန်းလာနေပြီဖြစ်သည်။ မြန်မာ-တရုတ်နှစ်နိုင်ငံသည် ယဉ်ကျေးမှုချင်းတူညီပြီး အိမ်နီးချင်းနိုင်ငံဖြစ်သည့်အတွက် အမြဲထာဝစဉ်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကောင်းမွန်နေရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့်ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးထူထောင်လျက်ရှိပေရာ အိမ်နီးချင်းနိုင်ငံများနှင့်ပို၍ ကောင်းမွန်သော၊ ချစ်ကြည်ရင်းနှီးသောဆွေမျိုးရင်းချာဆက်ဆံရေး၊ မိတ်ဆွေကောင်းဆက်ဆံရေးကို ထူထောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီးရှီကျင့်ဖျင်၏ကမ္ဘာလုံးဆိုင်ရာသဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာလူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာဥာဏ်ရည်တု သဘောထားများသည် အနာဂတ်ကမ္ဘာ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးစသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟုရှုမြင်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံလျက်ရှိသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ၏ဆက်ဆံရေးကိုပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင်အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့သည်။

မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် စာပေနယ်ပယ်သည်လည်း ကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။ နှစ်နိုင်ငံကျွမ်းကျင်ပညာရှင်များက မြန်မာ-တရုတ်စာပေများကို ဘာသာပြန်ဆိုမှုကဏ္ဍမှ ကူးလူးဖလှယ်မှုကိုပိုမိုမြှင့်တင်ပြီး တိုးတက်လာစေရန်အတူတကွဖော်ဆောင်ကြရမည်ဖြစ်သည်။ ဇွန်လ ၁၈ ရက်က မိတ်ဆက်ခဲ့သည့်ဇာတ်လမ်းပုံပြင်များစုစည်းမှုစာအုပ်သည် နှစ်နိုင်ငံပြည်သူများ၏နက်ရှိုင်းသည့်ချစ်ကြည်ရင်းနှီးမှုများကို စာအုပ်တွင်မှတ်တမ်းတင်ထားရှိပြီး များပြားလှစွာသော ပြည်သူလူထုထံသို့ ပျံ့နှံ့စေရန်ဖြန့်ဝေ၍ နောင်လာနောက်သားမျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းသွားရန်ရည်ရွယ်ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နှစ်နိုင်ငံစာပေကဏ္ဍပိုမိုဖွံ့ဖြိုးကာ ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေပါကြောင်း။ ။

# မကွေးမြို့နယ် စိုင်ကျကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ရရှိရေး စက်ရေတွင်းတူးဖော်နေမှု ကွင်းဆင်းစစ်ဆေး

**မကွေး ဇွန် ၂၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကွေးမြို့နယ်စိုင်ကျကျေးရွာရှိပြည်သူများရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ၄ လက်မအဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ 9.9 KW ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ဇွန်လ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်လွင်ဦးနှင့်တာဝန်ရှိသူများကကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားရှင်းလင်းတင်ပြခဲ့ပြီး လုပ်ငန်းအချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးမှာကြားသည်။

စိုင်ကျကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အကျယ် ၄ လက်မ၊ အနက် ပေ ၈၀၀ ရှိ အဝီစိစက်ရေတွင်းတစ်တွင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ 9.9 KW ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၂၀ ဒသမ ၂၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာစုဖွဲ့ကာ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၃၆ အိမ်မှ လူဦးရေ ၁၆၆၂ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**လွိုင်ကော် ဇွန် ၂၀**

ကယားပြည်နယ် လွိုင်ကော်မြို့ လွိုင်ကော်တက္ကသိုလ် မြေနေရာ၌ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရေးနှင့်ရာသီဥတုမျှတကောင်းမွန်စေရေး၊ စိမ်းလန်းစိုပြည်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရည်ရွယ်၍ ကယားပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် သယံဇာတရေးရာဝန်ကြီးတို့က ပျိုးပင်များပေးအပ်ရာ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ကယားပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အမှတ်တရအဖြစ် ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာသည့်ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများအလိုက် ကျွန်း၊ ခါတော်မီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ဝါး၊ ခရေ၊ ဆီသပြေ၊ ကံ့ကော် စသည့်ပျိုးပင်အမျိုးအစားကိုးမျိုး၊ ပျိုးပင်စုစုပေါင်းအပင် ၃၀၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**(၄၀၅)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၆-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့

၂။ ၀၈:၂၀ Morning Songs

၃။ ၁၁:၅၀ စိုက်မွေးသုတ

၄။ ၁၄:၅၀ Business Tips

၅။ ၁၆:၀၀ Holiday Vibes

၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၇-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မုန်တိုင်းဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်



ထားဝယ် ဇွန် ၂၀

သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ ကြီးမှူးပြီး မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၂၀ ရက်တွင် ထားဝယ်မြို့ ကမြောကင်းလမ်းထောင့် ထားဝယ်မြစ်ကမ်းအနီး၌ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် မုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းဆောင်ရွက်ရာ မုန်တိုင်းဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် ကမ်းရိုးတန်းတစ်လျှောက်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း နေထိုင်သည့် ပြည်သူများအား အသံချဲ့စက်ဖြင့် နှိုးဆော်သတိပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို သရုပ်ပြသခြင်း၊ မုန်တိုင်းနှင့် မုန်တိုင်းဒီရေဘေးအန္တရာယ်ရှိသောနေရာများရှိ ပြည်သူများအား ဘေးအန္တရာယ်ကင်းလွတ်ရာနေရာသို့ ရွှေ့ပြောင်းသယ်ဆောင်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပေါ်သို့ သစ်ပင်များလဲကျခြင်းကို ဖြတ်တောက်ရှင်းလင်းခြင်း၊ လဲကျနေသည့် သစ်ပင်များ၏အောက်တွင် ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့မှ Chain Saw အသုံးပြုဖြတ်တောက်ဖယ်ရှားကယ်ထုတ်ခြင်း၊ မုန်တိုင်းဒဏ်ကြောင့် ပြိုပျက်သွားသောအဆောက်အအုံ၏အုတ်နံရံအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသုံးပြု၍ကယ်ထုတ်ခြင်း၊ သစ်ပင်လဲကျပိမိနေသော မော်တော်ယာဉ်ပေါ်မှ ပိတ်မိနေသူများအား Hydraulic Cutter အသုံးပြု၍ မော်တော်ယာဉ်၏ပြင်ပသို့ ကယ်ထုတ်ခြင်း၊ ရေကြီးရေလျှံမှုကြောင့် မြစ်အတွင်း စက်လှေတိမ်းမှောက်ကာ ရေနစ်နေသူများနှင့် ရေတွင်မျောပါလာသူများအား အသက်ကယ်ဘောကွင်းအသုံးပြု၍ ကယ်ဆယ်ခြင်း၊ Intelligence Lifebuoy အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများ အနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ပို့ဆောင်ခြင်း၊ ကျန်ရှိ/ ပျောက်ဆုံးပြည်သူများ ရှိ မရှိကို စာရင်းကောက်ယူ စိစစ်ဆောင်ရွက်ခြင်း စသည့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

အဆိုပါမုန်တိုင်းဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာသို့ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထု စုစုပေါင်း ၄၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# မြောင်းမြမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၂၈၀ ဧကစိုက်ပျိုးမည်

မြောင်းမြ ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပီလောပီနံ ၁၂၈၀ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောပြချက်အရ သိရသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မြောင်းမြမြို့နယ်၌ ပီလောပီနံလျာထားဧက ၁၂၈၀ ဧကကို ဇွန်လကုန်ပိုင်းတွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး အဆိုပါပီလောပီနံလျာထားဧကအားလုံး အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ မိုးသီးနှံတွေအားလုံး လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့အတွက် ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေကို အချိုးကျအသုံးပြုတတ်စေဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားမကျရောက်စေဖို့ ဌာနကတာဝန်ရှိသူတွေက ကြိုတင်ကွင်းဆင်းနည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးထားပါတယ်။ တောင်သူတွေကလည်း ပီလောပီနံစိုက်ဖူးတဲ့ အတွေ့အကြုံရှိတဲ့အတွက် အခက်အခဲမရှိစိုက်ပျိုးနိုင်မှာပါ'' ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

မြောင်းမြမြို့နယ်၌စိုက်ပျိုးသည့် ပီလောပီနံအမျိုးအစားသည် စတင်စိုက်ပျိုးသည့်အချိန်မှ သုံးလ သို့မဟုတ် လေးလခန့်အကြာတွင် ပြန်လည်တူးဖော်ပြီး ရောင်းချနိုင်သည့် အမျိုးအစားဖြစ်ကြောင်း၊ စိုက်ပျိုးထွက်ရှိသည့် ပီလောပီနံများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ကြောင်းနှင့် နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

သုတကျော်

# ငဖဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ

ငဖဲ ဇွန် ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကို ဇွန်လ ၂၀ ရက်တွင် ပင်ဦးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပင်ဦးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိမ့်နန္ဒခိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ရည်ရွယ်ချက်၊ ဗလငါးတန်အကြောင်းသိကောင်းစရာများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကိုလည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး သိကောင်းစရာများကိုလည်းကောင်း အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းနှင့် မြို့နယ်အားကစားမှူး ဒေါ်နန်းသီတာထွေးတို့က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကြကာ Grade-6 မှ မမြမှူးသွန်းက လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ Grade- 7 မှ မောင်ကြယ်စင်သိုက်က လူငယ်နှင့်စာရိတ္တ၊ Grade- 8 မှ မောင်စိုင်းစိုင်းအေးမင်းက လူငယ်နှင့်အားကစား၊ Grade-9 မှ မကြယ်စင်မှူးက လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများကပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်အတွက် ပုံပြင်စာအုပ်များနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက Physical Fitness Dance ဖြင့် သရုပ်ပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ မယု(ငဖဲ)



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

**ဟန်ကောင်းလှသော ကိုသိန်းဖေ**

ဤနေရာ၌ ကိုသိန်းဖေ၏သတ္တိ သို့မဟုတ် ဟန်ကောင်းပုံအကြောင်းကို ဖော်ပြရပါဦးမည်။ ကမ်းနီရွာ၌ ကျွန်ုပ် ကျောင်းဆရာလုပ်လျက်ရှိစဉ် ကိုသိန်းဖေမှာ (အင်းရွာအနီး) ပိန်းတောရွာတွင် အကောက်အုပ်အဖြစ်နှင့် အမှုထမ်းလျက်ရှိ၏။ တစ်နေ့သ၌ ကျွန်ုပ်သည် သူ့အိမ်သို့ မြင်းနှင့်အလည်သွား၍ သူ၏ရုံးခန်း၌ စကားပြောလျက်ရှိကြစဉ် ကိုသိန်းဖေ၏ လက်အောက်၌ အမှုထမ်းနေသည့် ဂေါ်ရခါးလူမျိုး ကန်ချားဆိုသူ တက်လာ၏။ သူ၏လက်၌ကား ဂေါ်ရခါးလူမျိုးကိုင်သည့် ဓားကောက်ကြီးတစ်ချောင်းပါလာ၏။ ဓားကိုကိုင်၍ တက်လာခြင်းကြောင့် ရိုင်းလှပါတကားဟု ကျွန်ုပ်ထင်လျက်ရှိရာမှ ကန်ချား၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ တစ်စုံတစ်ခုပြုလုပ်ဖို့ ဆုံးဖြတ်ထားသည့်နှယ် တင်းမာသော မျက်နှာထားရှိခြင်းကို တွေ့ရ၏။

ကျွန်ုပ်သည် ကိုသိန်းဖေ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ မျက်ကြောတစ်ချက် ဆတ်ခနဲတင်းသွားခြင်းမှတစ်ပါး ပြောင်းလဲခြင်းရှိသည်ကို မတွေ့ရချေ။ ကိုသိန်းဖေ၏အမူအရာမှာ ကန်ချား၏ မျက်နှာထား တင်းလာခြင်းကိုလည်းကောင်း၊ သူ၏လက်မှ ဓားကောက်ကြီးကိုလည်းကောင်း အလျှင်းမမြင်သည့်ဟန်နှင့် "ဘာကိစ္စလဲဟေ့ ကန်ချား" ဟု မေးလိုက်၏။ ကန်ချားသည် ကိုသိန်းဖေ၏ ထိတ်လန့်တုန်လှုပ်ခြင်းကင်းသော အမူအရာကိုမြင်သည်နှင့် အနည်းငယ်တွန့်သွားဟန်ရှိ၏။ သို့ရာတွင် မိမိ၏အဖြစ်အပျက်ကို ပြောပြသောအခါ၌မူ ပြောရင်း ဒေါသထွက်၍ မျက်နှာများ နီလာသည်။ သူပြောပြသောအကြောင်းအရာကို ကျွန်ုပ်ကောင်းစွာမမှတ်မိသော်လည်း သူ့အလုပ်ကို ကိုသိန်းဖေက အပြစ်ရှာပြီး သစ်တောဝန်ထံ တိုင်တန်းသည်ဟု သူက ယူဆလျက်ရှိသည်။

သူ၏စကားအဆုံး၌ ကိုသိန်းဖေသည် ဂေါ်ရခါး၏ ခြောက်လှန့်သောအမူအရာကြောင့် ထိတ်လန့်ခြင်းလည်းမဖော်ပြ၊ ဂေါ်ရခါးအပေါ်၌ အရေးယူခြင်းနှင့်ပတ်

**"အကယ်၍ ကန်ချားသည် ဒေါသထွက်ပြီး ကိုသိန်းဖေကို ခုတ်ပိုင်းပြားအံ့။ ဒေါသမွှန်သော လူများ၏ထုံးစံအတိုင်း မိုးမမြင် လေမမြင်ဖြစ်ပြီး ကျွန်ုပ်ကိုပါ ဓားစက်ပါသွားနိုင်သည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်အတော်ကြီးလန့်ပါသည်။ ဗုံးကြဲလေယာဉ်ပျံများလာခြင်းထက်ပင်လန့်ပါသည်။ ကိုသိန်းဖေမူကား သိုင်းတတ်သူဖြစ်၍ အရေးဆိုလျှင် တိမ်းရှောင်ရန် စိတ်ကူးထားသည်ဟု နောင်၌ ကျွန်ုပ်အား ပြောပြသော်လည်း အေးအေးဆေးဆေးအမူအရာနှင့် ထိုင်လျက်ရှိ၏။ ဤအတောအတွင်း လူနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် စေ့စေ့ကြည့်လျက်ရှိကြရာ ကန်ချားက ဒေါသနှင့်ပြူးကြည့်၍ ကိုသိန်းဖေက တည်ငြိမ်သောမျက်နှာထားနှင့်ကြည့်၏ . . ."**

သက်၍ တစ်ရွေးသားမျှလည်း အလျှော့မပေး။ အရေးယူထိုက်၍ယူရခြင်းဖြစ်သည်။ လူကိုမုန်းတီး၍ အပြစ်ရှာခြင်းမဟုတ်ကြောင်း ပြောသောအခါ ပထမ၌ ကန်ချားသည် အံသွားကြိတ်၍ မျက်လုံးများပြူးကာ ဓားကောက်ကြီး တကိုင်ကိုင်လုပ်နေ၏။ ကျွန်ုပ်ကား အတော်စိုးရိမ်လျက်ရှိလေပြီ။ စိုးရိမ်ခြင်းကား ကိုသိန်းဖေအတွက်တွင်သာမက ကျွန်ုပ်အတွက်လည်းပါ၏။ အကယ်၍ ကန်ချားသည် ဒေါသထွက်ပြီး ကိုသိန်းဖေကို ခုတ်ပိုင်းပြားအံ့။ ဒေါသမွှန်သော လူများ၏ထုံးစံအတိုင်း မိုးမမြင် လေမမြင်ဖြစ်ပြီး ကျွန်ုပ်ကိုပါ ဓားစက်ပါသွားနိုင်သည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ် အတော်ကြီးလန့်ပါသည်။ ဗုံးကြဲလေယာဉ်ပျံများ လာခြင်းထက်ပင်လန့်ပါသည်။ ကိုသိန်းဖေမူကား သိုင်းတတ်သူဖြစ်၍ အရေးဆိုလျှင် တိမ်းရှောင်ရန် စိတ်ကူးထားသည်ဟု နောင်၌ ကျွန်ုပ်အားပြောပြသော်လည်း အေးအေးဆေးဆေးအမူအရာနှင့် ထိုင်လျက်ရှိ၏။ ဤအတောအတွင်း လူနှစ်ယောက်တို့သည် တစ်ယောက်ကိုတစ်ယောက် စေ့စေ့ကြည့်လျက်ရှိကြရာ ကန်ချားက ဒေါသနှင့်ပြူးကြည့်၍ ကိုသိန်းဖေက တည်ငြိမ်သော မျက်နှာထားနှင့်ကြည့်၏။ ကျွန်ုပ်သည် နှစ်ယောက်စလုံးကို ကြည့်လျက်ရှိသော်လည်း ကန်ချားကို ပို၍ဂရုစိုက်လျက်ရှိ၏။ ကျွန်ုပ်ကြည့်နေစဉ် ကန်ချားသည် မဆိုစလောက်ကလေး မျက်နှာထားပျော့သွားခြင်းကို မြင်လိုက်ရ၏။ နောက်တစ်ခဏ၌ ကိုသိန်းဖေက ငြိမ်သက်သောအသံဖြင့်

"ဟေ့ ကန်ချား"

"ဆရာ"

"မင်းနဲ့ ငါနဲ့ ဘယ်လိုတော်သလဲ"

"ဘယ်လိုမှ မတော်ဘူး"

"ဆရာ တပည့်မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"မင်းကို ငါက မုန်းနေတယ်လို့ မင်းကထင်သလား"

"မထင်ပါဘူး"

"မုန်းမနေလျှင် မင့်ကို ငါက ဘာကြောင့် အပြစ်ရှာလိမ့်မှာလဲ"

"မသိဘူး"

"မင်းနဲ့ ငါနဲ့ရန်သူဆိုရင် အပြစ်ရှာချင်ရှာမပေါ့၊ ခုတော့ ရန်သူမှမဟုတ်ဘဲနဲ့ ဘာကြောင့် အပြစ်ရှာလိမ့်မှာလဲ၊ မင်းယုံရဲ့လား"

"ပြောတဲ့လူက ပြောတယ်ဆရာ"

"ဘယ်သူကပြောပြော မင့်ကို ငါက ဘယ်တော့မှအပြစ်မရှာဘူး၊ ငါ့စကားကို မင်းယုံပါ၊ ကိုင်း သွားတော့"

ကန်ချားသည် မျက်နှာကို အောက်ချလျက် လှေကားမှဆင်းသွားလေ၏။

အလုံးစုံရေလည်သောတစ်နေ့၌ ကန်ချားအား တခြားအလုပ်သမားတစ်ယောက်က တိုက်ထားသောကြောင့်ဖြစ်ကြောင်း သိရ၏။ ကိုသိန်းဖေကမူ မည်သူက တိုက်သနည်းဟု ကန်ချားအားမမေး။ သူ့ဟာသူ သိအောင်လုပ်ယူလေသည်။ လေယာဉ်ပျံခေတ်၌ ဤအကြောင်းကို ကျွန်ုပ်ကပြောပြ၍ ကိုသိန်းဖေအား ချီးမွမ်းလေရာ ကိုသိန်းဖေက "တစ်ယောက်တစ်မျိုးစီပေါ့လေဗျာ၊ ဗုံးကျတော့ ခင်ဗျားက ရဲပေတယ်" ဟု ပြန်ပြောလေသည်။

**တရုတ်များ ဖမ်း၍နှိပ်စက်ခြင်း**

ဂျပန်ဗုံးကြဲလေယာဉ်ပျံများ မလာမီ တစ်ရက်နှစ်ရက်၌ ချန်ကေရှိတ်၏ တရုတ်စစ်သားများသည် ကသာသို့ ရောက်လာ၍ စခန်းချလျက်ရှိကြ၏။ ချန်ကေရှိတ်သည် ဗြိတိသျှအစိုးရနှင့်မဟာမိတ်ဖြစ်၍ မြန်မာပြည်ကို ကာကွယ်ရန်အတွက် စေလွှတ်လိုက်ခြင်းဖြစ်ရာ စစ်ကိုင်းတောင်ရိုးတစ်ခွင်တွင် ပြုပြစင်အောင် မွှေနှောက်ကြပြီးနောက် အညာသို့ဆုတ်ခွာ၍ ကသာသို့ ရောက်ကြခြင်းဖြစ်လေသည်။ ကသာမြို့ကို ဂျပန်များက ဗုံးကြဲခြင်းမှာ တရုတ်စစ်သားများ ရှိနေသောကြောင့် ဖြစ်သည်ဆိုကာ ကိုသိန်းဖေတို့လူစုသည် ဇရစ်ချောင်တွင် မနေဝံ့ကြတော့ဘဲ မြောက်ဘက်နှစ်မိုင်ခန့်ဝေးသည့် နတ်လှိုင်ရွာကလေးသို့ ရွှေ့ပြောင်းရန် စီမံကြလေ၏။

သို့ရာတွင် လူအားလုံးနှင့် ပစ္စည်းများကို တစ်ခါတည်းသယ်ယူရန် လှည်းလုံလောက်စွာမရှိသည်နှင့် ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ရန်ကုန်မှ ရောက်လာသော ဗိသုကာဘွဲ့ရ ဦးဘချစ်တို့ဆရာတပည့်က အိမ်၌စောင့်ရစ်ရန် ဖော်လန်တီယာလုပ်ကြ၍ တခြားလူများ ပြောင်းရွှေ့သွားကြသည်။ အစီအစဉ်မှာ လှည်းအခေါက်ခေါက်သယ်ယူရာတွင် နောက်ဆုံးမှ ကျွန်ုပ်တို့လေးယောက်လည်း တစ်ပါတည်း လိုက်ကြရန်ဖြစ်သည်။

ဘေးအန္တရာယ်တွေ့ကြုံရာတွင် အိမ်ရှင်များက ရှေးဦးစွာထွက်ပြေး၍ ဧည့်သည်များက အိမ်စောင့်နေရစ်ကြရခြင်းမှာ နည်းလမ်းမကျဟု ဆိုဖွယ်ရာရှိ၏။ သို့ရာတွင် လူအားလုံး ကြောက်လန့်တုန်လှုပ်နေရာတွင် ရန်ကုန်၌ ကြုံခဲ့ရဖူးသည့် ဦးဘချစ်နှင့် ကျွန်ုပ်က တခြားလူများထက် ရဲသည်ဖြစ်၍ မလွှဲမရှောင်သာသော ဤအရေးတွင် တမင်တကာ ဖော်လန်တီယာလုပ်ကြခြင်းဖြစ်သည်။ ဦးဘချစ်နေရစ်၍ သူ၏တပည့်လည်း နေရစ်ခြင်းဖြစ်ရာ ကျွန်ုပ် နေရစ်မည်ဆိုရာတွင်လည်း ဇနီးသည်က ကျွန်ုပ် အစားအသောက်ဆင်းရဲလိမ့်မည်ဆို၍ ချက်ပြုတ်ကျွေးရန်အတွက် နေရစ်ရခြင်းဖြစ်ပေသည်။ အားလုံးသော မိန်းမများပြေးသွားကြသည့်နောက် မိန်းမဖော်မရှိဘဲ အိမ်ကြီးထဲတွင် ကျွန်ုပ်အတွက် စောင့်နေရစ်ပေသော ဇနီးသည်အား ယနေ့တိုင် ကျေးဇူးတင်၍မဆုံးအောင်ရှိပါတော့သည်။ ထိုအပြုအမူတစ်ခုတည်းနှင့်ပင် ကျွန်ုပ်သည် ဇနီးသည်အပေါ် မည်သို့သော ပြစ်ချက်ရှိစေကာမူ ခွင့်လွှတ်မည်ဟူ၍ တစ်ခါတည်း သန္နိဋ္ဌာန်ချထားလိုက်ပါတော့သည်။

ကျွန်ုပ်တို့လေးဦးသားသည် ဇရစ်ချောင်ရွာထဲတွင် တခြားလူများမရှိဘဲ နှစ်ရက်မျှနေထိုင်ခဲ့ရပြီးနောက် တတိယနေ့ (မေလ ၁၀ ရက်) တွင် ကျွန်ုပ်တို့နှင့်တကွ ပစ္စည်းများကိုပါ သယ်ယူရန်အတွက် ကိုသိန်းဖေက လှည်းနှစ်စီးလွှတ်လိုက်၍ နံနက်ရှစ်နာရီခန့်တွင် ရောက်လာကြသည်။ လှည်းပေါ်၌ ကိုသိန်းဖေ၏သား မောင်မောင်နှင့် တူ မောင်မောင်ကြီးတို့ လိုက်ပါလာကြသည်။ မောင်မောင်ကြီးသည် ခါး၌ပါလာသော ခြောက်လုံးပြူးသေနတ်ကို စားပွဲပေါ်သို့ ပစ်တင်ထားခဲ့၍ လှည်းပေါ်သို့ ပစ္စည်းများတင်ခိုက်တွင် ရွာထဲသို့ လျှောက်လည်နေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေး တောင်သူများနှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးအပြည့်အဝစိုက်ပျိုးရေးနှင့် လယ်ယာကဏ္ဍရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မိုးစပါးစိုက်ပျိုးသည့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၁၉ ရက်က ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရွှေခေတ်သစ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်က ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးစပါးအပြည့်အဝစိုက်ပျိုးကြရန်၊ လယ်ယာမြေများအား တန်ဖိုးထားထိန်းသိမ်းရန်နှင့် ရည်မှန်းထားသည့် ပန်းတိုင်အထွက်နှုန်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်ဆွေးနွေးပြောကြားပြီး ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဝင် ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းခိုင်က လယ်ယာမြေနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က လယ်ယာကဏ္ဍမူဝါဒအရ ဆောင်ရွက်ရမည့် သီးထပ်သီးနှံများတိုးချဲ့စိုက်ပျိုးရန်၊ အဓိကသီးနှံ ၁၀ မျိုးကို ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ကြရန်၊ ဆီထွက်သီးနှံများကို အလေးထားတိုးချဲ့စိုက်ပျိုးရန်၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးတောင်သူများအနေဖြင့် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ICT အား ချဉ်းကပ်အသုံးပြုဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသူအောင်နှင့် တာဝန်ရှိသူများက အောင်နိုင်တိုးမျိုးစပါးပြန့်ပွားရေးအတွက် တောင်သူသုံးဦးကို မျိုးစေ့များ ပံ့ပိုးပေးအပ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၃)ရပ်ကွက်ရှိ အန္တရာယ်ရှိလူနေအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့အတွင်းရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် လေးကျွန်းမာရ်အောင်မြတ်စွာဘုရားတို့၌ ငလျင်အတွင်း ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများအား အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး စေတီတော်ရင်ပြင်တိုးချဲ့ရန် မြေသားခိုင်မာမှုစမ်းသပ်စစ်ဆေးခြင်းနှင့် စေတီတော်လုံးပတ်ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု၊ စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဘက်စုံပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်ဘုန်းတော်ကြီးကျောင်းတိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များ၊ သာသနိကအဆောက်အအုံများနှင့်နေအိမ်အဆောက်အအုံများ၌ အပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှုနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။


ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ စစ်ကိုင်းပညာရေးကောလိပ်သို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျောင်းဆောင်များကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။


အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည် တောင်ရပ်ကွက်၊ ရှမ်းစုဆီးဘန်နီတိုက်အတွင်းရှိ အလယ်တိုက်ကြီးအုတ်ကျောင်းနှင့် ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ရှိ သာသနာ့ဇောတိကာရုံအဋ္ဌကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများကို တပ်မတော်သားများကလည်းကောင်း၊ စက်ယန္တရားကြီးများအသုံးပြု၍လည်းကောင်း အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှုနှင့် ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်နှင့် မြို့သစ်အမှတ်(၃)ရပ်ကွက်တို့ရှိ အန္တရာယ်ရှိနေအိမ်အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

**အထူးမိုးလေဝသသတင်း**

# မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်








**နေပြည်တော် ဇွန် ၂၀**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)



# ၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၀

၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းမြေနေရာ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ဦးဆောင်သော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် သဘာဝသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို သစ်တောသယံဇာတများရေရှည်တည်တံ့စေရန်၊ တစ်နိုင်ငံလုံးသစ်တောဖုံးလွှမ်းမှုကောင်းမွန်စေရန်၊ မြို့ပြနှင့်ကျေးလက်များစိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပစေရန်၊ သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းနိုင်ရန်နှင့် ပြည်သူများအပန်းဖြေနားနေစရာစိမ်းလန်းမြေများဖွံ့ဖြိုးလာစေရန်ရည်ရွယ်ပြီး နိုင်ငံတစ်ဝန်းလုံးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိကြောင်း၊

နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့်အတွက် Green City၊ Smart City အဖြစ် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားတိုင်းဒေသကြီး၊ ပြည်နယ်များ၏စံပြနယ်မြေတစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်နှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့်ပူးပေါင်းပါဝင်ပြီး သစ်တောသစ်ပင်များနှင့် စိမ်းလန်းစိုပြည်စေရေး၊ သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးတို့ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း သစ်ပင်သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ရန်နှင့် ယနေ့စိုက်ပျိုးသည့်သစ်ပင်ပန်းပင်များ စဉ်ဆက်မပြတ်ရေရှည်တည်တံ့ခိုင်မြဲစွာရှင်သန်စေရေး ဝိုင်းဝန်းစောင့်ရှောက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ကဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများ၏စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း ၂၅၆ ပင်၊ ပျဉ်းကတိုး ၂၀၀ ပင်၊ သရက် ၉၄ ပင်၊ ပိန္နဲ ၈၁ ပင်၊ ကျွဲကော ၁၄၄ ပင်၊ ချယ်ရီ ၁၄၅ ပင်၊ စိန်ပန်းပြာ ၁၄၅ ပင် စုစုပေါင်း ၁၀၆၅ ပင်အား စိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များအား တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၃၆၅၁၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသောလက်ဖဝါးအား ပြန်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်





လူနာ၏ ဘယ်ဘက်လက်ဖဝါးပြတ်တောက်သွားသည့် အခြေအနေ။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသောလက်ဖဝါးအား ပြန်ဆက်ပေးသည့် ခွဲစိတ်ကုသမှုဆောင်ရွက်စဉ်။

ရန်ကုန် ဇွန် ၂၀

ဘားအံမြို့နေ အသက် ၂၇ နှစ်အရွယ်အမျိုးသားတစ်ဦးသည်မေလ ၂၄ ရက်နံနက် ၁၁ နာရီခန့်တွင် ဓားဖြင့် ခုတ်ခံရခြင်းကြောင့် ဘယ်ဘက်လက်ဖဝါး ပြတ်တောက်သွားရာ ပြည်သူ့ဆေးရုံကြီး-ဘားအံမြို့၌ အရေးပေါ်ကုသမှုပေးကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး လက်ဖဝါးအား ပြန်ဆက်ပေးသည့် ခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်လူနာဌာန၌ လိုအပ်သောစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်၍ ပြတ်တောက်သွားသော လက်ဖဝါးအား ပြန်ဆက်သည့်ခွဲစိတ်ကုသမှု (Replantation Surgery) ကို ည ၁၀ နာရီခွဲမှစတင်၍ ဆောင်ရွက်ခဲ့ရာ မေလ ၂၅ ရက် နံနက် ၅ နာရီခွဲတွင် အောင်မြင်စွာဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါလူနာသည် ကျန်းမာရေး ကောင်းမွန်ပြီး ခွဲစိတ်ကုသထားသည့်လက်၏သွေးလည်ပတ်မှုကောင်းမွန်သဖြင့် ဇွန်လ ၁၁ ရက်တွင် ဆေးရုံဆင်းခွင့်ရရှိပြီး ဇွန်လ ၁၆ ရက် ရက်ချိန်းပြန်လည်ပြသရာ၌လည်း လက်အခြေအနေ ကောင်းမွန်လျက်ရှိကြောင်းသိရသည်။

အဆိုပါခွဲစိတ်ကုသမှုကို လက်ပိုင်းဆိုင်ရာခွဲစိတ်ကုသမှုပါရဂူဘွဲ့(ဒုတိယနှစ်) သင်တန်းသား အထူးကုဆရာဝန်များဖြစ်သော ဒေါက်တာရဲနိုင်ဦးနှင့် ဒေါက်တာအောင်လှိုင်ဖုန်း၊ လက်ပိုင်းဆိုင်ရာ ခွဲစိတ်ကုသမှုပါရဂူဘွဲ့(တတိယနှစ်) သင်တန်းသူ ဒေါက်တာခိုင်မေဦး၊ လက်ထောက်ဆရာဝန် (အရိုး) ဒေါက်တာရာဇာအောင်စောဝင်း၊ ဆေးပညာမဟာသိပ္ပံ(ဒုတိယနှစ်) ဘွဲ့လွန်သင်တန်းသား ဒေါက်တာစိုင်းသီဟတို့ပါဝင်သော လက်ပိုင်းဆိုင်ရာခွဲစိတ်မှုဆရာဝန်များအဖွဲ့၊ လက်ထောက်ဆရာဝန်(မေ့ဆေး) ဒေါက်တာဒေလီယာစိုးဝင်းနှင့် မေ့ဆေးဆရာဝန်များအဖွဲ့၊ သူနာပြုဆရာမကြီး ဒေါ်မို့မို့အောင်ဦးဆောင်သည့် သူနာပြုများအဖွဲ့နှင့် ဆက်စပ်ဌာနများဖြစ်သည့် ခတ်ခွဲခတ်မှန် ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၂၀၂၂ ခုနှစ်တွင် လက်ဖျံပြန်ဆက်သည့်ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၃ ခုနှစ်တွင် လက်မောင်းပြန်ဆက်သည့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် လက်မပြန်ဆက်သည့် ခွဲစိတ်ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦး၊ ၂၀၂၅ ခုနှစ် ယခုအချိန်အထိ လက်ဖဝါးပြန်ဆက်သည့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သူ တစ်ဦးတို့ကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ လက်ပြတ်တောက်သွားသည့် လူနာကဲ့သို့ ပြတ်တောက်သွားသောလက်ကို ခွဲစိတ်ကုသမှုဆောင်ရွက်ရန်အတွက် ပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးပို့မည်ဆိုပါက ပြတ်တောက်သွားသောလက်ကို ရေသန့်သန့် သို့မဟုတ် အကြောဆေးရည် (Normal Saline or Ringer Lactate) ဖြင့်ဆေးပြီး အကြောဆေးရည်ဖြင့် စိုစွတ်အောင်စိမ်ထားသော ခွဲစိတ်ခန်းသုံးအဝတ်စ(Gauze)ဖြင့်ပတ်၍ သန့်ရှင်းသောပလတ်စတစ်အိတ်သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း၊ အကြောဆေးရည် ထည့်ထားသော သန့်ရှင်းသည့်ပလတ်စတစ်အိတ် သို့မဟုတ် ဘူးထဲသို့ထည့်၍လည်းကောင်း လုံခြုံစွာပိတ်ပြီး ရေခဲထည့်ထားသော ရေခဲပုံးအတွင်းထည့်၍ အမြန်ဆုံးလွှဲပြောင်း ပေးပို့နိုင်ကြောင်း သိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၆/ ၂၀၂၅)

၁။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီစတင်ချိန်မှာပင် ထင်မှတ်မထားသော အကြမ်းဖက်လုပ်ရပ်များကို ဝမ်းနည်းဖွယ်ကြားသိရပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းဘုရား (ညောင်ပင်ကန်) ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း၊ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ခြင်း၊ နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦး ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ ဝက်ချုပ်ကျေးရွာတွင် အလယ်တန်းပြဆရာမတစ်ဦးနှင့် ၎င်း၏ခင်ပွန်းတို့ သတ်ဖြတ်ခံရခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များသည် အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်၊ လွတ်လပ်စွာပညာသင်ကြားခွင့်နှင့် တည်ငြိမ်အေးချမ်းမှုရရှိခံစားခွင့် စသည့်အခြေခံလူ့အခွင့်အရေးများကို ထိခိုက်စေပါသည်။

၂။ ငြိမ်းချမ်းစွာပညာသင်ယူခွင့်ရရှိခံစားနိုင်ရေးအတွက် အဓိကတာဝန်ယူဖော်ဆောင်ပေးနေသော ဆရာ ဆရာမများအပါအဝင် ကျောင်းသူကျောင်းသားများ၊ စာသင်ကျောင်းများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ ရန်ရှာဖမ်းဆီးခြင်း၊ ခြိမ်းခြောက်နှောင့်ယှက်ခြင်းနှင့် အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်နေခြင်းတို့သည် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၃ ပါ အသက်ရှင်သန်ခွင့်၊ လူပုဂ္ဂိုလ်လုံခြုံခွင့်နှင့် အပိုဒ် ၂၆ ပါ ပညာသင်ယူခွင့်အခွင့်အရေးတို့ကိုချိုးဖောက်ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေအရ "နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကို နိုင်ငံသားတိုင်း ခံစားရရှိစေရေး" အလေးအနက်အသိအမှတ်ပြုကာ ပညာရေးနယ်ပယ်အတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသားလူငယ်များအပါအဝင် ပါဝင်ဆောင်ရွက်လျက်ရှိသူအားလုံး ထိခိုက်နစ်နာမှုမရှိစေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်ပါသည်။

၃။ ထို့ပြင် လမ်းတံတားများ၊ တာဝါတိုင်များ၊ လူနေအိမ်အဆောက်အဦများ၊ ဆေးရုံများ ဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များသည်လည်း တိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝကို ထိခိုက်နစ်နာစေပါသည်။ ထိုသို့သောအကြမ်းဖက်လုပ်ရပ်များသည် နိုင်ငံနှင့် ပြည်သူအတွက် ကြီးမားသောဆုံးရှုံးမှုများဖြစ်ပေါ်စေပြီး ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အဆိုးရွားဆုံး ခြိမ်းခြောက်မှုဖြစ်ပါသည်။ မည်သည့်အကြမ်းဖက်လုပ်ရပ်မဆို ရာဇဝတ်မှုမြောက်၍ တရားမျှတမှုမရှိဟု ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုထားသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း၍ အကြမ်းဖက်လုပ်ရပ်များကို ကြိုးပမ်းတိုက်ဖျက်နှိမ်နင်းလျက်ရှိသည်ကို တွေ့မြင်သိရှိရပါသည်။

၄။ နိုင်ငံတစ်ဝှမ်း ငြိမ်းချမ်းစွာပညာသင်ယူခွင့်ရရှိစေရန်နှင့် အကြမ်းဖက်လုပ်ရပ်များ လျော့နည်းပပျောက်စေရန် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ မရှိမဖြစ်လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းပြီး တာဝန်ယူမှုတာဝန်ခံမှုရှိသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်တိုးတက်ရေး၊ အကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာသူများအတွက် ကုစားမှုပေးရေးနှင့် ပြန်လည်ထူထောင်ရေး၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးအရ ကွဲပြားခြားနားမှုများကို အလေးထားညှိနှိုင်းဆောင်ရွက်ရေးတို့ ပြုလုပ်သွားကြရန်နှင့် တရားဥပဒေစိုးမိုး၍ အကြမ်းဖက်မှုများပပျောက်စေရန် သက်ဆိုင်သူများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် လူ့အခွင့်အရေးရှုထောင့်မှ အကြံပြုတိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်

# ၂၀၂၅ ခုနှစ် ဇွန်လအတွင်း (၁-၆-၂၀၂၅ ရက်နေ့မှ ၁၅-၆-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td rowspan="3">၁</td><td colspan="8">**နေပြည်တော်**</td></tr>
<tr><td>၁</td><td>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၂</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="3">၂</td><td colspan="8">**ရန်ကုန်တိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="8">၃</td><td colspan="8">**မန္တလေးတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>အမရပူရမြို့နယ်၊ မန္တလေးမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ခံနိုင်ရည် နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၆</td><td>မိတ္ထီလာမြို့</td><td colspan="2">ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၇</td><td>မတ္တရာမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td rowspan="2">၄</td><td colspan="8">**စစ်ကိုင်းတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>မုံရွာမြို့</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td rowspan="2">၅</td><td colspan="8">**တနင်္သာရီတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

<table>
<tr><th rowspan="2">စဉ်</th><th colspan="2" rowspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင် အောက်ဆိုက်</th><th>နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက် ဆိုက်</th></tr>
<tr><td rowspan="2">၆</td><td colspan="8">**ပဲခူးတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၇</td><td colspan="8">**မကွေးတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>မကွေးမြို့</td><td colspan="2">ကောင်းမွန်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td rowspan="2">၈</td><td colspan="8">**ဧရာဝတီတိုင်းဒေသကြီး**</td></tr>
<tr><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="3">၉</td><td colspan="8">**ကရင်ပြည်နယ်**</td></tr>
<tr><td>၁</td><td>ဘားအံမြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မြဝတီမြို့</td><td colspan="2">ကောင်းမွန်</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td rowspan="4">၁၀</td><td colspan="8">**မွန်ပြည်နယ်**</td></tr>
<tr><td>၁</td><td>မော်လမြိုင်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>မုဒုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၃</td><td>သထုံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td rowspan="5">၁၁</td><td colspan="8">**ရှမ်းပြည်နယ်**</td></tr>
<tr><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td>၂</td><td>ကျိုင်းတုံမြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၃</td><td>တာချီလိတ်မြို့</td><td>လက်ခံနိုင်သော</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ဆေးလိပ်သောက်ခြင်းနှင့် ဦးနှောက်ကျန်းမာရေးအန္တရာယ်

ဒေါက်တာသိင်္ဂီကျော်

> "ဆေးလိပ်သောက်ခြင်းနှင့် ဦးနှောက်ကျန်းမာရေးဆက်စပ်မှုမှာ လူတစ်ဦးသည် တစ်ရက်လျှင် ဆေးလိပ်သောက်သည့်ပမာဏပိုများလေ ဦးနှောက်ထုထည် သေးငယ်လေဖြစ်သည်။ သုတေသီများ၏လေ့လာမှု ၃၇ ခု၏ရလဒ်များတွင် တစ်ရက်လျှင် စီးကရက်အလိပ် ၂၀ သောက်တိုင်း မှတ်ဉာဏ်လျော့နည်းသောရောဂါ ဖြစ်ပွားနိုင်ခြေ ၃၄ ရာခိုင်နှုန်းတိုးလာကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် တစ်ရက်သောက်သော ဆေးလိပ်အရေအတွက်ကို လျှော့ချလိုက်ရုံဖြင့် မှတ်ဉာဏ်လျော့နည်းသောရောဂါ ဖြစ်ပွားမှုအန္တရာယ်ကို လျော့ကျစေနိုင်ပါသည်. . ."

ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်ကျန်းမာရေးကို သိသိသာသာထိခိုက်စေပြီး မှတ်ဉာဏ်လျော့နည်းခြင်း၊ ဦးနှောက်ကျုံ့ခြင်းနှင့်အာရုံကြောဆိုင်ရာရောဂါများဖြစ်နိုင်သည်။ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်အတွင်းပိုင်းရှိ တစ်သျှူးများ ပျက်စီးဆုံးရှုံးခြင်းနှင့် ဦးနှောက်ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုများကိုဖြစ်စေပြီး ဦးနှောက်၏ ပုံမှန်အိုမင်းမှုဖြစ်စဉ်ကို အရှိန်မြင့်စေသည်။ လူတို့၏ဦးနှောက်သည် အသက်ကြီးလာသည်နှင့်အမျှ သဘာဝအလျောက် ထုထည်လျော့နည်းလာပြီး ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်ကို ကျုံ့စေသောကြောင့် အရွယ်မတိုင်မီ ဦးနှောက်ကိုထိရောက်စွာအိုမင်းစေသည်ဟု စိန့်လူးဝစ်မြို့ရှိ Washington University School of Medicine မှ သုတေသီများ၏လေ့လာမှုအရ သိရသည်။ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်အတွင်း ဓာတ်တိုးဖိစီးမှုနှင့် ရောင်ရမ်းမှုကိုဖြစ်စေပြီး အာရုံကြောအဆိပ်သင့်မှုဆိုင်ရာ သက်ရောက်မှုများကိုဖြစ်စေသည်။

ရေရှည်ဆေးလိပ်သောက်ခြင်းသည် အယ်လ်ဇိုင်းမားရောဂါ၊ ဉာဏ်ရည်ဉာဏ်သွေးကျဆင်းမှုနှင့် သွေးကြောဆိုင်ရာ မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်နိုင်သည်။ မှတ်ဉာဏ်၏အစိတ်အပိုင်းဖြစ်သော သိမြင်မှုနှင့် လုပ်ငန်းဆောင်တာများချိတ်ဆက်မှုကို ချို့ယွင်းစေသည်။ ဝါရှင်တန်တက္ကသိုလ်မှ လေ့လာမှုတစ်ခုအရ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်ကို ကျုံ့သွားစေပြီး မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် ဉာဏ်ရည်ဉာဏ်သွေးလျော့ကျခြင်းတို့ ခံစားရကြောင်း တွေ့ရှိခဲ့သည်။ Global Open Science တွင် ထုတ်ဝေသောတွေ့ရှိချက်အရ ဆေးလိပ်သောက်သူများသည် အသက်အရွယ်နှင့်ဆက်နွှယ်သော မှတ်ဉာဏ်ကျဆင်းမှုနှင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေမြင့်မားကြောင်း တွေ့ရသည်။

ဆေးလိပ်သောက်ခြင်းနှင့် ဦးနှောက်ထုထည်သေးငယ်ခြင်းတို့ ဆက်စပ်နေကြောင်း သိပ္ပံပညာရှင်များက ယခင်အချိန်ကတည်းက သိရှိခဲ့ကြသည်။ မကြာသေးမီအချိန်ထိ သိပ္ပံပညာရှင်များသည် ဆေးလိပ်သောက်ခြင်း၏ အဆုတ်နှင့်နှလုံးအပေါ် သက်ရောက်သော ကြောက်မက်ဖွယ်ဆိုးကျိုးများကို အာရုံစိုက်ထားပြီး ဦးနှောက်အပေါ်သက်ရောက်မှုများကို အာရုံစိုက်မှုလျော့နည်းခဲ့သည်။ သို့သော် ဦးနှောက်ကို ပို၍အနီးကပ်ကြည့်လာသည်နှင့်အမျှ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်အတွက် အမှန်တကယ်ဆိုးရွားသော အန္တရာယ်ဆိုင်ရာအချက်အလက်များကို တွေ့ရှိခဲ့သည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်ခြင်းသည် ဦးနှောက်၏အိုမင်းရင့်ရော်မှုကို ရပ်တန့်ရန်နှင့် ဉာဏ်ရည်ဉာဏ်သွေးလျော့ကျစေမည့်အန္တရာယ်ကို ကာကွယ်နိုင်သည်။ ပြီးပြီးသားပျက်စီးမှုများကို ပြန်ပြင်၍မရသော်လည်း နောက်ထပ်ပျက်စီးမှုများမဖြစ်စေရန် ရှောင်ရှားနိုင်ပါသည်။ သို့ဖြစ်၍ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသောအချက်တစ်ခုဖြစ်ပြီး ပြုပြင်ပြောင်းလဲနိုင်သောအချက်တစ်ခုလည်းဖြစ်ပါသည်။

ဆေးလိပ်သောက်ခြင်းသည် သိမြင်နိုင်စွမ်းကျဆင်းမှုကို သိသာထင်ရှားစွာ အကျိုးသက်ရောက်စေကြောင်း လေ့လာမှုများက တွေ့ရှိခဲ့သည်။ ဥရောပ ၁၄ နိုင်ငံမှ အသက် ၅၀ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူ ၃၂၀၀၀ ဦးထံမှ သိမြင်နိုင်စွမ်းကျဆင်းစေသောအချက်အလက်များကို စေ့စေ့စပ်စပ်ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ရာ ဆေးလိပ်သောက်သူများ၏ သိမြင်မှုရမှတ်များသည် ဆေးလိပ်မသောက်သူများနှင့်နှိုင်းယှဉ်ပါက ၁၀ နှစ်ကျော်တွင် ८၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်းတွေ့ရသည်။ လေ့လာမှုများအရ ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်မှတ်ဉာဏ် လျင်မြန်စွာကျဆင်းမှုနှင့် သိသိသာသာဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။ ယနေ့ခေတ်၌ ဦးနှောက်စွမ်းအားကို မြှင့်တင်ရန်အတွက် စူပါအစားအစာများ၊ စိတ်ပိုင်းဆိုင်ရာလေ့ကျင့်ခန်းများနှင့် နည်းပညာများတိုးတက်နေသည့်အချိန်တွင် မှတ်ဉာဏ်ကျန်းမာရေးအန္တရာယ်အတွက် အဆိုးဆုံးအချက်များထဲမှတစ်ခုမှာ လူအများအပြား ဆေးလိပ်သောက်နေကြခြင်းပင်ဖြစ်သည်။

### ဆေးလိပ်ဖြတ်ခြင်းဖြင့် ဘဝသက်တမ်းတိုးနိုင်ခြင်း

သတင်းကောင်းမှာ ဆေးလိပ်ဖြတ်ခြင်းဖြင့် ဦးနှောက်အိုမင်းရင့်ရော်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေးကျဆင်းမှုအန္တရာယ်ကိုလျှော့ချနိုင်သည်ဟု လေ့လာမှုများက ဖော်ပြသည်။ ဆေးလိပ်ဖြတ်ခြင်းသည် ဦးနှောက်တစ်သျှူးများ ထပ်မံဆုံးရှုံးခြင်းမှ ရပ်တန့်စေရန်ကာကွယ်ပေးနိုင်သော်လည်း ဦးနှောက်ပျက်စီးမှုကို မူလအရွယ်အစားသို့ ပြန်လည်ရောက်ရှိစေရန် အစားထိုးနိုင်ခြင်းမရှိပါ။ အထောက်အထားများအရ ဆေးလိပ်ဖြတ်ခြင်းသည် ဦးနှောက်ကျန်းမာရေးကို သိသိသာသာတိုးတက်စေပြီး သက်တမ်းတိုးစေနိုင်ကြောင်း သက်သေပြထားသည်။ Oxford သုတေသီများသည် နှစ်ပေါင်း ၅၀ အတွင်း ဆရာဝန် ၃၅၀၀၀ နီးပါးကိုလေ့လာခဲ့ပြီး အသက် ၆၀ မတိုင်မီ ဆေးလိပ်ဖြတ်ပါက သက်တမ်းသုံးနှစ်ထပ်မံတိုးနိုင်သည်ကို တွေ့ရှိခဲ့သည်။

### ဆေးလိပ်သောက်သူ၏ ဦးနှောက်ကိုလေ့လာခြင်း

ဆေးလိပ်သောက်သူများနှင့် ဆေးလိပ်မသောက်သူများ၏ ဦးနှောက်သံလိုက်ဓာတ်မှန် (MRI Brain ) လေ့လာမှုများတွင် ဆေးလိပ်ပိုသောက်လေ အသက်ကြီးလာသည်နှင့်အမျှ ဦးနှောက်၏အရေးပါသောနေရာများတွင် ထုထည်လျော့နည်းလာလေဖြစ်ကြောင်းတွေ့ရှိရသည်။

### ဆေးလိပ်သောက်ခြင်း၏ ဦးနှောက်တွင် အကျိုးသက်ရောက်မှု

သိပ္ပံပညာရှင်များသည် အရွယ်ရောက်ပြီးသူ ၃၀၀၀ ကျော်ကိုစစ်ဆေးခဲ့ရာ ဆေးလိပ်သောက်သူများသည် လျင်မြန်စွာလုပ်ဆောင်နိုင်မှု၊ အာရုံစူးစိုက်မှုနှင့် အလုပ်မှတ်ဉာဏ်တို့ကိုအကဲဖြတ်သည့် သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်စစ်ဆေးမှုများတွင် အမှတ်နည်းကြောင်း တွေ့ရှိခဲ့သည်။ ဆေးလိပ်သောက်သူများအတွက် ပတ်ဝန်းကျင်ရှိသတင်းအချက်အလက်များကို အရှိန်အဟုန်ဖြင့် အမီလိုက်နိုင်ရန် အာရုံစိုက်နေရခြင်းသည် စိန်ခေါ်မှုတစ်ခုဖြစ်လာပြီး မှတ်ဉာဏ်လုပ်ဆောင်နိုင်စွမ်းလျော့နည်းလာသည်ကို တွေ့ကြုံနေရသည်။ ဆေးလိပ်သောက်ခြင်းနှင့် မှတ်ဉာဏ်လျော့နည်းခြင်းဆက်စပ်မှု၏ အဓိကအကြောင်းရင်းမှာ စီးကရက်အတွင်းရှိ ဓာတုပစ္စည်းများကြောင့် သွေးကြောများပျက်စီးပြီး အယ်လ်ဇိုင်းမားရောဂါနှင့် ဦးနှောက်သွေးကြောဆိုင်ရာပြဿနာများဖြစ်ကြောင်း တွေ့ရှိရသည်။ သုတေသီများ လေ့လာမှုရလဒ်များကို ပေါင်းစပ်ဖန်တီးခဲ့သော World Alzheimer’s Report အရ ဆေးလိပ်သောက်ခြင်းသည် မှတ်ဉာဏ်လျော့နည်းသောရောဂါဖြစ်နိုင်ခြေ ၃၀ မှ ၅၀ ရာခိုင်နှုန်း ပိုများကြောင်းတွေ့ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် အယ်လ်ဇိုင်းမားရောဂါဖြစ်ပွားမှုအားလုံး၏ ၁၄ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းကြောင့်ဖြစ်သည်ဟု ခန့်မှန်းရသည်။

### စီးကရက်သောက်သည့်ပမာဏနှင့် မှတ်ဉာဏ်လျော့နည်းသောရောဂါဖြစ်နိုင်ခြေ ဆက်စပ်မှု

ဆေးလိပ်သောက်ခြင်းနှင့် ဦးနှောက်ကျန်းမာရေးဆက်စပ်မှုမှာ လူတစ်ဦးသည် တစ်ရက်လျှင် ဆေးလိပ်သောက်သည့်ပမာဏပိုများလေ ဦးနှောက်ထုထည်သေးငယ်လေဖြစ်သည်။ သုတေသီများ၏လေ့လာမှု ၃၇ ခု၏ရလဒ်များတွင် တစ်ရက်လျှင် စီးကရက်အလိပ် ၂၀ သောက်တိုင်း မှတ်ဉာဏ်လျော့နည်းသောရောဂါဖြစ်ပွားနိုင်ခြေ ၃၄ ရာခိုင်နှုန်း တိုးလာကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် တစ်ရက်သောက်သော ဆေးလိပ်အရေအတွက်ကို လျှော့ချလိုက်ရုံဖြင့် မှတ်ဉာဏ်လျော့နည်းသောရောဂါဖြစ်ပွားမှုအန္တရာယ်ကို လျော့ကျစေနိုင်ပါသည်။

### တစ်ဆင့်ခံဆေးလိပ်ငွေ့နှင့် မှတ်ဉာဏ်လျော့နည်းသောရောဂါ

ဆေးလိပ်သောက်သူ၏ဆေးလိပ်ငွေ့အား ရှူရှိုက်ရခြင်းကို ကိုယ်တိုင်ဆေးလိပ်သောက်ခြင်းထက် ပြင်းထန်သည်ဟုယူဆကြပြီး သက်ကြီးရွယ်အိုများတွင် မှတ်ဉာဏ်ချို့ယွင်းမှုဖြစ်နိုင်သောအန္တရာယ်ရှိသည့် သိသာထင်ရှားသောအချက်တစ်ခုဟု လေ့လာသုံးသပ်မှုသုံးခုတွင် တွေ့ရှိခဲ့သည်။

အနှစ်ချုပ်ရလျှင် ဆေးလိပ်သောက်ခြင်းသည် ဦးနှောက်ကျန်းမာရေးအတွက် ကောင်းကျိုးမရှိသောကြောင့် ဖြတ်တောက်ခြင်းသည် မှတ်ဉာဏ်လျော့နည်းသောရောဂါနှင့် ကျန်းမာရေးအန္တရာယ်များ ဖြစ်ပွားနိုင်ခြေကို များစွာလျှော့ချနိုင်ပြီး လုံးဝရပ်တန့်ခြင်းသည် ဘဝအတွက် ပိုမိုကျန်းမာသောနှစ်များစွာကို တိုးစေနိုင်သည်။ ဆေးလိပ်ဖြတ်ခြင်း သို့မဟုတ် လုံးဝရပ်တန့်ခြင်းသည် မည်သည့်အခါမျှ နောက်ကျမည်မဟုတ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

---

## သဃ်န်းကျွန်းမြို့နယ်၌ အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ သရုပ်ပြပွဲကျင်းပ



ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဇွန်လ ၁၉ ရက်က အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာသရုပ်ပြပွဲကျင်းပသည်။

ရေးဦးစွာ သဃ်န်းကျွန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးက စွန့်ပစ်အမှိုက်အမျိုးအစား လေးမျိုးနှင့်ပတ်သက်၍ အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်ရှိသောအမှိုက်နှင့် ပလတ်စတစ်အမှိုက်များကို သက်ဆိုင်ရာအမှိုက်ပုံးများ၌ စနစ်တကျစွန့်ပစ်ကြရန်၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာရုံးများ၊ ဈေးများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ပြီး အမှိုက်ခွဲခြားစွန့်ပစ်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ သရုပ်ပြပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်မိုးက အမှိုက်စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ သရုပ်ပြရာ တက်ရောက်လာကြသူများက ပါဝင်ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

ဇော်မိုး(သဃ်န်းကျွန်း)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် UNODC မှပေးပို့သည့်ဆောင်ပုဒ်




# ငလျင်ဘေးဒဏ်သင့် အပြာရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့် သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည်ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ကျွမ်းကျင်ပညာရှင်များက စစ်ဆေးအတည်ပြုထားသည့် အပြာရောင်အဆင့်နှင့် လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြာရောင်အဆင့် သတ်မှတ်ထားသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများနေထိုင်ခဲ့သော ဇမ္ဗူသီရိမြို့နယ် အတွင်း ဘောဂသိဒ္ဓိရပ်ကွက်ရှိ ပိတောက်အိမ်ရာတိုက်အမှတ်(၈၂၁)နှင့်(၈၂၂) တို့တွင် ပြန်လည်ပြောင်းရွှေ့နေထိုင်ရန်အတွက် အသေးစားနှင့် အလတ်စားပြုပြင်မှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပြန်လည်ပြောင်းရွှေ့နေထိုင်နေသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ အဆင်ပြေမှုရှိစေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လိမ္မော်ရောင်အဆင့်သတ်မှတ်ထားသည့် ဘောဂသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၇၄၇)၊ မူလက အနီရောင်အဆင့် သတ်မှတ်ထားပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှပေါင်းစပ်၍ အဆင့်ဆင့်စစ်ဆေးပြီး အပြာရောင်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့သည့် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဘူးကွဲအိမ်ရာရှိ တိုက်အမှတ် (၅၃၅၀)နှင့် (၅၃၅၁)တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအားမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူး၍ ၂၀၂၄ ခုနှစ် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကျင်းပ



ပဲခူး ဇွန် ၂၀

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲစာအောင် သံဃာတော်၊ သီလရှင်များအား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြည်ညိုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ ဖတ်ကြားလျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်များနှင့် သီလရှင် ၂၉၅၆ ပါးတို့အတွက် ဘွဲ့တံဆိပ်တော်နှင့် စာအောင်ဆုများအား စာအောင်သံဃာများနှင့် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ပထမအကြိမ်မှ ဒွါဒသမအကြိမ်အထိ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ယဉ်ကျေးလိမ္မာဓမ္မစကူးကျောင်းများမှ ပထမဆုရရှိသူသုံးဦး၊ ဒုတိယဆုရရှိသူငါးဦး၊ တတိယဆုရရှိသူနှစ်ဦး၊ စတုတ္ထဆုရရှိသူလေးဦး၊ ပဉ္စမဆုရရှိသူနှစ်ဦးနှင့် ဆဋ္ဌမဆုရရှိသူနှစ်ဦး စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၁၈ ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထပ်မံဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲတို့၌ ဓမ္မာစရိယ (ကျမ်းပြီး) ၁၈၅ ပါး၊ ဓမ္မာစရိယ(ကျမ်းစွဲ) ၄၇၄ ပါး၊ နိကာယ်(မဟာဝိဒူ)လေးပါး၊ နိကာနိကာယ်(ကျမ်းပြီး)၂၆၅ ပါး၊ နိကာယ် (ကျမ်းစွဲ) ၆၂၈ ပါး၊ ပါဠိပထမပြန် (ပထမကြီးတန်း)၁၇ ပါး၊ ပထမလတ်တန်း ၈၉ ပါး၊ ပထမငယ်တန်း ၂၇၄ ပါး၊ အခြေပြုမူလတန်း ၁၀၂၀ ပါး စုစုပေါင်း ၂၉၅၆ ပါးအောင်မြင်ခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စာအောင်ဆုအလှူငွေကျပ် ၉၄၀၉၀၀၀၀ ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၀

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စတုတ္ထအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် လှည်းကူး - ဖောင်ကြီးလမ်းအနီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ သတ်မှတ်နေရာများ၌ ပျဉ်းကတိုး ၈၇၂ ပင်၊ ပိတောက် ၁၆၈၇ ပင်၊ ပျဉ်းမ ၃၃၅ ပင်၊ မဟော်ဂနီ ၁၂၄၄ ပင်၊ စိန်ပန်း ၂၇၃ ပင်၊ ခရေ ၁၉၃ ပင်၊ ကံ့ကော် ၇၇၀ ပင်၊ သင်းဝင်တစ်ပင်နှင့်ယင်းမာတစ်ပင် စုစုပေါင်း ၅၃၇၆ ပင်တို့ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် စက္ကူအပိုင်းအစ၊ စက္ကူအိတ်နှင့် ကတ်ထူများကဲ့သို့သော အမှိုက်ခြောက်၊ စားကြွင်းစားကျန်များကဲ့သို့သော အမှိုက်စို၊ ဖန်၊ သံဘူးနှင့် သတ္တုဘူးများကဲ့သို့သော အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်ဘူး၊ ခွက်၊ အိတ်များကဲ့သို့သော ပလတ်စတစ်အမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးပြောကြားကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

လှိုင်ကော် ဇွန် ၂၀

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ဒေါ်ဥခူရပ်ကွက် ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ပြည်နယ်အားကစားရုံ အမှတ်(၃)၌ကျင်းပသည့် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ပြိုင်ပွဲဝင်အသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဇွန်လ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်ကြာ ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ထူးချွန်ကစားသမားများကို ပြည်နယ်လက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်အားကစားရုံ အမှတ်(၂)၌ အသက် ၂၅ နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တိုက်ကွမ်ဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကယားပြည်နယ်လက်ရွေးစင်



တိုက်ကွမ်ဒိုအားကစားသမားများ၏သရုပ်ပြလေ့ကျင့်နေမှုကိုကြည့်ရှုပြီး ပြည်နယ်ဝန်ကြီးချုပ်က အားကစားသမားများနှင့် နည်းပြများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးစက်များအသုံးပြုမဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော်  ဇွန် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်ပြည်သူများ မဲပေးရာတွင် မှန်ကန်လွယ်ကူစေရန်နှင့် မဲမသမာမှုများမဖြစ်ပွားစေရန် လာမည့်ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးစက်များ အသုံးပြုမဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲအတွက် လိုအပ်သည့် မဲပေးစက်များထုတ်လုပ်လျက်ရှိပြီး ရရှိလာသည့်မဲပေးစက်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်းနှင့် ပျက်စီးမှုမရှိစေရေး စနစ်တကျသိမ်းဆည်းစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်တစ်ခုနှင့်တစ်ခုအကြား သတ်မှတ်ကာလအတွင်း မဲပေးစက်များ လုံခြုံစွာစနစ်တကျ ရွှေ့ပြောင်းပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် နည်းလမ်းများ ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဒုတိယဥက္ကဋ္ဌက ရွေးကောက်ပွဲတွင် မဲပေးစက်များ ကိုင်တွယ်အသုံးပြုမည့် မဲရုံဝန်ထမ်းများ ဆင့်ပွားသင်တန်းပေးမည့် အစီအစဉ်များနှင့် MEVM စက်များ မြို့နယ်များသို့ရွှေ့ပြောင်းရာတွင် ကြိုတင်စီမံထားရန် လိုအပ်သည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် ကျွမ်းကျင်သူပညာရှင်များက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းများပို့ချရေး၊ မဲပေးစက်များကို ရွေးကောက်ပွဲအပိုင်းအလိုက် ရွှေ့ပြောင်းရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် MEVM ဆိုင်ရာတာဝန်ခံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က MEVM စက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မော်လမြိုင်မြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားထုတ်ပေး

နေပြည်တော်  ဇွန် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ၊ လဲလှယ်လျှောက်ထားသူပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားကတ်ပြားစိစစ်ဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုကာ ဒေသခံပြည်သူများအား လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူပြီး ဂဏန်း ၁၀ လုံးပါ (Unique ID) နံပါတ်ထုတ်ပေးနေမှုနှင့် မြို့နယ်ရုံးအတွင်း စာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်အစိုးရအဖွဲ့ ရာမညခန်းမ၌ ပြည်နယ်အတွင်းရှိပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ဦးစီးမှူးရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့်ကြိုးပမ်းဆောင်ရွက်နေမှု၊ ယင်းသို့ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးရရှိကိုင်ဆောင်သူတိုင်း e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းကို တစ်ပါတည်းဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# သဘာဝဘေးရှာဖွေကယ်ဆယ်ရေးစုဖွဲ့မှုနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော်  ဇွန် ၂၀**

နေပြည်တော်စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဇေဗေ့မောင်ဆည်၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သတ်မှတ်နေရာ၌ မဟာလေှကားပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက သတ်မှတ်နေရာများ၌ မဟာလေှကား၊ Fox Tail၊ မဟော်ဂနီ၊ ပိတောက်၊ စိန်ပန်း၊ ပျဉ်းမနှင့်ခရေ စသည့်ပျိုးပင် ၂၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ချောင်းမကြီးရေလှောင်တမံ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဥတ္တရသီရိရေလှောင်တမံ၌ ယာယီရေတားတမံတည်ဆောက်ရန် ချဉ်းကပ်လမ်းဆောင်ရွက်နေမှု၊ ရေထုတ်ပြွန်ပြင်ဆင်ဆောင်ရွက်နေမှုနှင့် မြေစမ်းသပ်ခြင်းဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့ သဘာဝဘေးအမြန်တုံ့ပြန်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်လျက်ရှိသော သဘာဝဘေးရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ခင်းကျင်းပြသထားသောကယ်ဆယ်ရေးယာဉ်နှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့ရှိ ယာယီတည်းခိုရေးစခန်းများ၌ နေထိုင်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စခန်းအတွင်း သောက်သုံးရေ၊ သန့်စင်ခန်း၊ မီးဖိုများဆောင်ရွက်ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားကာ စခန်းတွင်နေထိုင်သူများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade -12 ကျောင်းသား၊ ကျောင်းသူများ ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဆက်လက်ဖြေဆို



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး Grade-12 ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။







မန္တလေးတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။



နေပြည်တော်ကောင်စီနယ်မြေ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့် Grade-12 ကျောင်းသား၊ ကျောင်းသူများကိုတွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ဇွန်လ ၁၆ ရက်မှစတင်၍ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာန ၁၉၅ ခု၌ ဝင်ရောက်ဖြေဆိုလျက်ရှိရာ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်နှင့် သမိုင်းဘာသာရပ်တို့ကို ဝင်ရောက်ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၆၂၇၈၉ ဦး (ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း) ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စာမေးပွဲများကျင်းပနေသည့်မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# “မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင်အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ” အပိုင်း(၁)

**မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့် စိတ်ကြွဆေးများ ဖမ်းဆီးရမှုအခြေအနေ**

နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ စိတ်ကြွဆေးများ အများအပြားဖမ်းဆီးရမှုသတင်းများကို နိုင်ငံပိုင်သတင်းစာများ၌ နေ့စဉ်နှင့်အမျှ ဖတ်ရှုမြင်တွေ့နေရသည်။ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ နိုင်ငံတစ်ဝန်း၌ မူးယစ်ဆေးဝါးအမှုပေါင်း ၅၅၉၃ မှု၊ တရားခံ ၇၈၂၈ ဦးနှင့် စုစုပေါင်းတန်ဖိုးငွေကျပ် ၉၉၈ ဒသမ ၆၀၄ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၉ ဒသမ ၈၈၁ သန်း) တန်ဖိုးခန့် ဖမ်းဆီးရမိသည်။ ရှမ်းပြည်နယ်ရှိ ခရိုင်လေးခုမှ အဓိကပါဝင်နေပြီး စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမှုမှာ အများဆုံးဖြစ်ကြောင်း သိရှိရသည်။ ရှမ်းပြည်နယ်ဘက်မှ ထုတ်လုပ်သည့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများနှင့်စိတ်ကြွဆေးများကို ရခိုင်ပြည်နယ်သို့ ကုန်းလမ်းမှ သယ်ယူပို့ဆောင်ပြီး ပြည်ပသို့ ရေလမ်းခရီးဖြင့်ပို့ဆောင်၍ ဖြန့်ဖြူးရောင်းချနေမှုများကိုဖမ်းဆီးရမိမှုဖြစ်စဉ်များလည်း ပါဝင်သည်။

လူမသိသည့် သာမန်မီးဖိုချောင်တစ်ခုမှ အစပြု၍ ဓာတုဆေးဝါးပစ္စည်းမျိုးစုံနှင့် ရောစပ်ပြီး ဆေးပြားရိုက်စက်ကိုအသုံးပြုကာ စိတ်ကြွဆေးများ အလွယ်တကူ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြောင်းများလည်း ကြားသိနေရသောကြောင့် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေပြီး သုံးစွဲသူနှင့် မိသားစုအသိုင်းအဝိုင်းကိုပါ ဘဝပျက်လောက်အောင် ဆိုးရွားစေသည့် မူးယစ်ဆေးဝါးအမျိုးမျိုးနှင့် ယင်းတို့ကိုပြုလုပ်နိုင်သည့် ပရီကာဆာဟုခေါ်သည့် အစပျိုးဓာတုပစ္စည်းများ (Precursors)၏ အန္တရာယ်များကို အများပြည်သူသိရှိရှောင်ရှားနိုင်စေရန်အတွက် ၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၈) နှစ်မြောက် **“အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့”** အထိမ်းအမှတ် အခမ်းအနားနေ့ကို ဂုဏ်ပြုကြိုဆိုလျက် ဤဆောင်းပါးကို အကျယ်တဝင့် ရေးသားဖော်ပြရခြင်းဖြစ်သည်။

အဓိကဦးတည်ချက်ဖြစ်သည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ စိတ်ကြွဆေးများအကြောင်း မတင်ပြမီ အဆိုပါကိစ္စများကို အဓိကကိုင်တွယ်ထိန်းသိမ်းဖြေရှင်းဆောင်ရွက်နေရသော တာဝန်အရှိဆုံး အဖွဲ့အစည်းဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းတည်ဆောက်ထားရှိမှုအခြေအနေများကို ဦးစွာတင်ပြလိုသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့သမိုင်းကြောင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနကို လက်ရှိတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် ဦးစီးဌာနလေးခုဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ဖြင့် ဖွဲ့စည်းထားရှိပြီး ၁၉၆၄ ခုနှစ်တွင်မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုပြည်ထဲရေးဝန်ကြီးဌာနလက်အောက်၌ ပြည်သူ့ရဲတပ်ဖွဲ့အမည်ဖြင့် လွတ်လပ်သောအဖွဲ့တစ်ခုအနေဖြင့် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ အမိန့်အမှတ် ၁/၉၅ ကို ထုတ်ပြန်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (Myanmar Police Force)ဟု အမည်ပြောင်းလဲခဲ့ပြီး နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့သည်။ ယူနီဖောင်းမှာ ယခင်က ကာကီရောင်ဖြစ်သော်လည်း ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှစ၍ နက်ပြာရောင်သို့ ပြောင်းလဲသတ်မှတ်ဝတ်ဆင်စခဲ့သည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါး ချုပ်ငြိမ်းရေးရည်မှန်းချက်တာဝန်**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ လုံခြုံရေးကွပ်ကဲမှုအဖွဲ့၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ တပ်ဖွဲ့များ၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ရဲလေ့ကျင့်ရေးကျောင်းများဖြင့် ဖွဲ့စည်းထားရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးနှိမ်နင်းရေးအပါအဝင် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးတို့ကို ရည်မှန်းချက်တာဝန်များအဖြစ် ချမှတ်ထားရှိပြီး ပြစ်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားသောပြစ်မှုများကို စုံစမ်းစစ်ဆေးဖော်ထုတ်တရားစွဲတင်ရေး၊ နိုင်ငံတော်အတွင်း စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊ ပြည်သူလူထုလုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး အစရှိသည့် ပြည်သူလူထုနှင့်တိုက်ရိုက်ဆက်စပ်လျက်ရှိသောကြီးလေးသည့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



**မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတာဝန်များ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အဆိုပါလုပ်ငန်းများအနက် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာကိစ္စရပ်များကို မဟာဗျူဟာနှစ်ရပ်၊ နည်းဗျူဟာသုံးရပ်၊ နည်းနာနိဿယ သုံးရပ်တို့ဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် မဟာဗျူဟာ နှစ်ရပ်ဖြစ်သည့် မူးယစ်ဆေးဝါး ပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးတို့ကို နည်းဗျူဟာသုံးရပ်ဖြစ်သည့် ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ကို ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့ကို အကောင်အထည်ဖော်ရာတွင် မူးယစ်ဆေးဝါးစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မားတိုးတက်ပြောင်းလဲရေး၊ တောင်ပေါ်မြေပြန့် တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာ ကူးလူးဆက်ဆံနိုင်ရေးနှင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏စီးပွားရေးနှင့်လူနေမှုဘဝတိုးတက်မြင့်မားရေးဟူသည့် နည်းနာနိဿယသုံးရပ်ကို အသုံးပြုဆောင်ရွက်နေခြင်းဖြစ်သည်။

**မူးယစ်ဆေးဝါးပြဿနာချုပ်ငြိမ်းရေးနှင့် ထိန်းချုပ်နိုင်ရေးဆိုင်ရာ အမျိုးသားရေးတာဝန်**

ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ကိုမလွှဲမသွေထမ်းဆောင်ကြရသောအစိုးရတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေရသကဲ့သို့ အခြားတစ်ဖက်မှလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် ပြည်သူလူထုတစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးပြဿနာ ချုပ်ငြိမ်းရေးနှင့် ထိန်းချုပ်နိုင်ရေးတို့အတွက်လည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဘက်ပေါင်းစုံမှ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်အထိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ကျဆင်းလာခဲ့သော်လည်း ဓာတုပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးများ၊ မက်အဖက်တမင်း (Ices)၊ ကက်တမင်း (Ketamin) နှင့် စိတ်ပျော်ဆေးရည်(Happy Water)ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ပြဿနာများမှာ ပိုမိုကြီးထွားလာသောကြောင့် ယခုကာလသည် အဆိုးရွားဆုံးအခြေအနေတွင်ရှိနေသည်ဟု တွက်ဆရသည်။

**မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဆိုင်ရာစာချုပ်များနှင့် ဥပဒေပြဋ္ဌာန်းချက်များ**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို နည်းမျိုးစုံဖြင့် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၁၉၆၁ ခုနှစ် တစ်ခုတည်းသော မူးယစ်ဆေးဝါးများကွန်ဗင်းရှင်း (Single convention on Narcotic Drugs)၊ ၁၉၇၁ ခုနှစ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာကွန်ဗင်းရှင်း(Convention on Psychotropic Substances) နှင့် ၁၉၈၈ ခုနှစ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention Against Illicit Traffic in Narcotic Drugs and Psychotropic Substances) တို့ကို လက်မှတ်ရေးထိုးခြင်း၊ ၁၉၇၆ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ၁၉၉၃ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ **စာမျက်နှာ ၁၃ သို့ ●**



● စာမျက်နှာ ၁၂ မှအဆက်

ဥပဒေကိုပြဋ္ဌာန်းခြင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများကိုပြဋ္ဌာန်းခြင်း၊ ၁၉၉၈ ခုနှစ်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများချက်လုပ်ရာတွင်အသုံးပြုသောဓာတုပစ္စည်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းခြင်း၊ ၁၉၉၉ ခုနှစ်တွင်မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကိုဆောင်ရွက်ခြင်း၊ ၂၀၀၄ ခုနှစ်တွင် ထိန်းချုပ်ဓာတုပစ္စည်းကြီးကြပ်ရေးဆိုင်ရာနည်းဥပဒေပြဋ္ဌာန်းခြင်း စသည်ဖြင့် လိုအပ်သောဥပဒေ၊ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**လုပ်ငန်းစီမံချက်များရေးဆွဲအကောင်အထည်ဖော်မှုများ**

အဆိုပါဆောင်ရွက်ချက်များအပေါ် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အခါအားလျော်စွာဖြည့်စွက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းနိုင်ရေးအတွက် ဘက်ပေါင်းစုံချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒတစ်ရပ်ကိုရေးဆွဲထုတ်ပြန်ပြီး မူဝါဒအား အထောက်အကူပြုစေမည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို လမ်းညွှန်မှုမူဘောင်တစ်ခုအနေဖြင့်သတ်မှတ်ပြီးသက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက် (Action Plan) များ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ ဦးဆောင်မှုကဏ္ဍသည် အမှန်တကယ် အရေးပါသည့်လုပ်ငန်းလိုအပ်ချက်ဖြစ်ပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ဦးဆောင်၍ပြည်သူလူထုအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အရှိန်အဟုန်ဖြင့် ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်သွားကြရန် လိုအပ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းမှာ ရင်ဆိုင်တွေ့ကြုံနေရသည့် မူးယစ်ဆေးဝါးပြဿနာမှာ လူသားမျိုးနွယ်စုတစ်ခုလုံးအပေါ် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသည်သာမက နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုပါ များစွာထိခိုက်စေသည်။ ထို့ကြောင့် တစ်ကမ္ဘာလုံးတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် ၁၉၈၇ ခုနှစ်တွင် ကျင်းပခဲ့သောကုလသမဂ္ဂညီလာခံမှ ဇွန်လ ၂၆ ရက်နေ့ကို **“အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစားမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့”** အထိမ်းအမှတ်အခမ်းအနားအဖြစ် သတ်မှတ်ခဲ့သည့်အချိန်မှစ၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် နှစ်စဉ်ကျင်းပလာရာ ယခုဆိုလျှင် (၃၈)ကြိမ်မြောက်သို့ ရောက်ရှိလာပြီဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**ဒေါက်တာလပြည့်ခင်**

# မြိတ်မြို့နယ်၌ အခြေခံစက်ချုပ်နည်းသင်တန်းဖွင့်လှစ်

မြိတ် ဇွန် ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စု ပင်းအိုအရှေ့ဘုန်းတော်ကြီးကျောင်း၌ အသက်မွေးဝမ်းကျောင်း ကာလတိုသင်တန်းဖြစ်သော အခြေခံစက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂)ဦးသောင်းအေးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးသောင်းအေးက သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် မြိတ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးသောင်းအေးနှင့်တာဝန်ရှိသူများက သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများအား လှည့်လည်ကြည့်ရှုကြသည်။

အခြေခံစက်ချုပ်နည်းသင်တန်းသို့ မြိတ်မြို့နယ် ပင်းအိုကျေးရွာအုပ်စုအတွင်းမှ စိတ်ပါဝင်စားသည့် အမျိုးသမီးသင်တန်းသူ ၁၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းတွင် ဒီဇိုင်းဘာသာရပ် ၂၀ မျိုးကို သင်တန်းကာလ ဇွန်လ ၁၉ ရက်မှ ဩဂုတ်လ ၂ ရက်အထိ ၄၅ ရက်ကြာ စာတွေ့လက်တွေ့အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသူ ၁၅ ဦးထဲမှ ထူးချွန်သည့် သင်တန်းသူ ငါးဦးကို ရွေးချယ်ပြီး ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၆ သိန်းနှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေး၍ လုပ်ငန်းထူထောင်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။ (၄၁၂)

# ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

ဟိုင်းကြီးကျွန်း ဇွန် ၂၀

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇွန်လ ၂၀ ရက်တွင် ကျင်းပသည်။

ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုရရှိသော ကျန်စစ်သားအသင်းကို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဖြိုးရာဇာဦးက ချန်ပီယံဒိုင်းဆုနှင့် ဂုဏ်ပြုဆုတံဆိပ်များ၊ ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ဒုတိယဆုရရှိသော ဘုရင့်နောင်အသင်းနှင့်တတိယဆုရရှိသော အလောင်းဘုရားအသင်းတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုများပေးအပ်သည်။



အဆိုပါ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဇွန်လ ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပပြီး ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးရှေ့လယ်၊ နောက်ဂိုးသမားဆုများနှင့် အသန့်ရှင်းဆုံးကစားသမားဆုများကိုပါ ပေးအပ်ကြောင်း သိရသည်။

**လှိုင်မျိုးအောင်**

## ပျိုးထောင်သူဆိုတာ

➲ ကလေးငယ်ငယ် လူမမယ်ကို
ချစ်ဖွယ်နှစ်သက် လိုချင်လျက်နှင့်
ရင်ဘတ်ထဲတွင် မြတ်နိုးကြင်လို့
ကြိုချင်လက်ကမ်း အမြဲတမ်း။

➲ ကလေးတာဝန် တို့ကျေပွန်အောင်
ညွှန်ကြားဆောင်ရွက် အားစိုက်လျက်ကွယ်
မပျက်မေတ္တာ ချစ်ကြင်နာနှင့်
ဆိုကာဆုံးမ သင်ပြရမည်
အစလည်းကောင်း နှောင်းလည်းကောင်း။

➲ စိတ်လှစိတ်မြတ် မွေးမြူတတ်၍
စိတ်ဓာတ်ခိုင်ဖြိုး စွမ်းအားကြီးလို့
စည်းကမ်းကျန သေသပ်လှကာ
အရအမိ ပညာရှိဖို့
အသိအထင်း ဉာဏ်ရောင်လင်းအောင်
ထုထွင်းပုံဖော် တို့မှန်းမျှော်ရည်
ပန်းပေါ်ဖူးပွင့် ဝေဆာတင့်။

➲ ပျိုးသည့်ပန်းများ
လန်းဆန်းမွှေးထုံ ရနံ့စုံ၍
လှဂုဏ်ကြိုင်သင်း နေခြည်ဝင်း၍
အဆင်းရောင်ဝါ စိမ်းလန်းဖြာ၍
ဝေဆာပွင့်ဖူး အသွင်ထူးသည်
ရှင်မြူးကြည်ဖြူ ပန်းပျိုးသူမှာ
စိတ်ပူသောက ကင်းငြိမ်းရ။ ။

**ဆောင်းနေရောင်(အဖျောက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၆-၂၀၂၅ (စနေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၉။ | ၁၀:၂၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၂။ | ၀၇:၀၀ | မေတ္တာပို့ | ၁၀။ | ၁၂:၃၀ | ရှေးမြန်မာများ၏ ခေါင်းဆောင်မှု |
| ၃။ | ၀၇:၂၅ | နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ ကိုယ်လက်လှုပ်ရှား အားကစား | ၁၁။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| | | | ၁၂။ | ၁၇:၀၀ | အင်္ဂလိပ်စာသုတ |
| ၄။ | ၀၈:၁၀ | မွေးမြူသုတ | ၁၃။ | ၁၉:၀၀ | **ရုပ်မြင်သံကြား ဇာတ်လမ်း ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား (ဒုတိယပိုင်း) သရုပ်ဆောင် ကျော်ဟိန်း၊ မေသန်းနု ဒါရိုက်တာ စင်ရော်မောင်မောင်** |
| ၅။ | ၀၈:၂၀ | မောင်မယ်လေးများ သိစေချင် | | | |
| ၆။ | ၀၉:၂၀ | လူတိုင်းကျန်းမာ သိမှတ်စရာ | | | |
| ၇။ | ၁၀:၃၀ | စာပေနှင့် အနုပညာသတင်း | | | |
| ၈။ | ၁၀:၄၅ | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် | | | |

## MWD Education, Knowledge & Sports Channel

၂၁-၆-၂၀၂၅(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၈:၀၀ - ၁၀:၀၀ | Grade - 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ - ၁၄:၁၈ | Grade - 10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ - ၁၈:၀၇ | Grade - 10 | ရူပဗေဒ၊ ဇီဝဗေဒ |
| ၄။ | ၁၈:၀၇ - ၁၈:၄၈ | Grade - 10 | ပထဝီဝင်၊ သမိုင်း |
| ၅။ | ၁၈:၄၈ - ၁၉:၀၀ | Grade - 10 | ဘောဂဗေဒ |

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံအဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးတို့က ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အမည်ခံအဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂၀**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDFအမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦး နှင့် အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၂၄ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

PDF အပါအဝင်အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



သိမ်းဆည်းရမိသည့် တရားမဝင်ဓာတုပစ္စည်းများအားတွေ့ရစဉ်။

❒ **ကျောဖုံးမှအဆက်**

စိုးသက်ပိုင်အား အထောက်ထားမဲ့သိုလှောင်ထားသည့် Glacial Acetic Acid ၃၀ လီတာစီပါ ပလတ်စတစ်ပုံး ၈၅၀ ပုံးနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဓာတုပစ္စည်းများကိုသိမ်းဆည်းရန် အခကြေးငွေပေး၍ စေခိုင်းသူ ဇော်လင်းဦးအား ဇွန်လ ၁၀ ရက်နေ့ ညနေ ၄ နာရီ ၃၀ မိနစ်တွင် ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ စွယ်တော်လမ်းရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ ဓာတုပစ္စည်းများအား ရန်ကုန်မှ ပျော်ဘွယ်သို့ တာဝန်ခံသယ်ဆောင်သူ ကျော်မြင့်ဦး (ခ)ဖိုးကျော်(ခ)ဖြိုးကျော်အား ဇွန်လ ၁၂ ရက်နေ့ ည ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် ဒလမြို့ရှိနေအိမ်၌ လည်းကောင်း၊ ဓာတုပစ္စည်းများအား တရားမဝင် တင်ပို့ပေးသူ အောင်အောင်ဦး (ခ)ကိုခန့်အား ဇွန်လ ၁၄ ရက် နံနက် ၆ နာရီခန့်တွင် တာမွေမြို့နယ်၊ ၁၅၂ လမ်းရှိနေအိမ်၌လည်းကောင်း၊ ဓာတုပစ္စည်းများအား တရားမဝင်ရောင်းချခဲ့သူ နေအောင်လှိုင်သိန်း(ခ)နေအောင်အား နံနက် ၁၀ နာရီ ၃၀ မိနစ်ခန့်တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်းရှိ နေအိမ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုရန်ရည်ရွယ်၍ တရားမဝင် သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရပြီး ၎င်းတို့အား တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည် ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “userjzjdz60em” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ) ရပ်ကွက်နေ သန္တာမြင့်အား နေ့လယ် ၁၂ နာရီ ၅ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၇˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၅ | ၃၀၄၅ | ၃၀၅၀ | ၃၁၂၀ | ၃၀၈၅ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၅ | ၄၅၆၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၂၀ | ၃၁၉၀ | ၃၁၅၅ | ၃၁၈၀ | ၃၄၃၅ |
| HSD (500 ppm) | ၂၅၀၀ | ၂၆၁၅ | ၂၅၈၀ | ၂၅၁၅ | ၂၆၂၀ | ၂၆၃၅ | ၂၆၅၅ | ၂၅၇၀ | - | ၂၈၆၅ | ၂၅၉၀ | ၂၅၉၀ | ၂၆၆၀ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | ၄၈၃၀ | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |
| HSD (10 ppm) | ၃၁၀၀ | ၃၂၁၅ | ၃၁၈၀ | ၃၁၁၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၅၅ | ၃၁၇၀ | - | ၃၄၆၅ | ၃၁၉၀ | ၃၁၉၀ | ၃၂၆၀ | ၃၂၂၅ | ၃၂၄၅ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၈၀ |
| 95 Ron | ၂၈၆၀ | ၂၉၅၂ |
| HSD (500 ppm) | ၂၃၄၇ | ၂၄၂၄ |
| HSD (50 ppm) | ၂၉၂၉ | ၃၀၁၇ |
| HSD (10 ppm) | ၂၉၂၉ | ၃၀၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိတပ်မတော်ဆေးရုံနှင့် နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နန်းမြို့တွင်းရှိတပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများကလည်းကောင်း ဇွန်လ ၁၉ ရက်နှင့်ယနေ့တို့တွင်သွားရောက်၍ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုမေးမြန်းကာ စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနိုင်နိုင်ဦး၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၀

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ဇွန်လ ၂၀ ရက်အထိ သေဆုံးသူ ၃၇၅၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၉ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇွန် ၂၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ၂၀-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဇွန် ၂၀

(၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂသရုပ်ပြ စုပေါင်းလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဥယျာဉ်တော်အတွင်း ရေပန်းရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယောဂလေ့ကျင့်ခန်းကို စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ အိန္ဒိယနိုင်ငံဆက်ဆံရေးရုံး ဆက်ဆံရေးအရာရှိနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Shri Abhay Thakur တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ (၁၀)ကြိမ်မြောက် ယောဂနေ့ လေ့ကျင့်ခန်းပြုလုပ်ခြင်းအစီအစဉ်ကို မာရဝိဇယဗုဒ္ဓဥယျာဉ်တော် ရေပန်းရင်ပြင်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့သည် (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဒုတိယအကြိမ်အဖြစ် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် အပြည်ပြည်ဆိုင်ရာယောဂနေ့ အထိမ်းအမှတ် ယောဂလေ့ကျင့်ခန်းကို ဘုရားကြီး၏ အေးချမ်းသော မေတ္တာရိပ်အရိပ်အာဝါသအောက်တွင် ပြီးပြည့်စုံစွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

Yoga ၏ ဆောင်ပုဒ်ဖြစ်သည့် "Yoga for Hormony & Peace" အဆိုအရ ကျန်းမာရေးညီညွတ်မျှတခြင်း၊ တည်ငြိမ်အေးချမ်းမှုရရှိခြင်းဟုဆိုရမည်ဖြစ်ကြောင်း၊ ယောဂလေ့ကျင့်ခန်းသည် သေချာလေ့ကျင့်ပါက အသက်အရွယ်မရွေး ကျန်းမာရေးနှင့်ညီညွတ်သည့် နိုင်ငံတကာအသိအမှတ်ပြုသည့် လေ့ကျင့်ခန်းဖြစ်ကြောင်း၊ ပုံမှန်အလေးထားလိုက်နာဆောင်ရွက်မည်ဆိုပါက အသက်ရှည်ကျန်းမာ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရရှိနေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယောဂသမိုင်းနှင့်ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကိုပြသပြီး မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်၌ အိန္ဒိယနိုင်ငံသံရုံးမှ အိန္ဒိယယဉ်ကျေးမှု ယောဂနည်းပြဆရာမနှင့် တက်ရောက်လာကြသူများက ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အိန္ဒိယနိုင်ငံသံအမတ်ကြီးက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြကာ (၁၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်နှင့် ယောဂသရုပ်ပြစုပေါင်းလေ့ကျင့်ခြင်းအခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း သတ်မှတ်နေရာ၌ ကံ့ကော်ပင်ကိုအတူတကွ စိုက်ပျိုးကြသည်။

မြဝတီ



# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇွန် ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး(AMMSTI-21) ကျင်းပ

နေပြည်တော် ဇွန် ၂၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (ASEAN Ministerial Meeting of Science, Technology and Innovation–21, AMMSTI) သို့တက်ရောက်ရန် ဇွန်လ ၁၈ ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိခဲ့သည်။

ဇွန်လ ၁၉ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ASEAN ဒေသတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးများကို ကြိုဆိုဂုဏ်ပြုသည့် ညစာစားပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။

ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် (၂၁)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI–21)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၂၁)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMSTI–21) သို့တက်ရောက်ပြီး အာဆီယံဒေသတွင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် စီမံကိန်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးအတည်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက "Empowering ASEAN's Science, Technology and Innovation Ecosystem: National Commitments for Reginal Impact through APASTI 2026–2035" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာကိုယ်စားလှယ်များဖြစ်ကြသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖြူဖြူဝင်းတို့သည် (၈၇)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ကြပြီး သက်ဆိုင်ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

⇨ ရှေ့ဖုံးမှအဆက်

မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအား ချေးငွေစုစုပေါင်းငွေကျပ် ၅၁၆၆၃ သိန်းခန့်အား ထုတ်ချေးပေးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ ကျေးရွာ ၂၂ ရွာမှ တောင်သူ ၉၃၁ ဦး၏ စိုက်ဧက ၅၉၇၂ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉၅၈ သိန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ကျေးရွာရှိ တောင်သူများအား အချိန်မီစိုက်ပျိုးနိုင်ရေးဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

မြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးဧက ၆၅၃၀၉ ဧက စိုက်ပျိုးနိုင်ရန်လျာထားဆောင်ရွက်လျက်ရှိပြီး တောင်သူများ လုပ်ငန်းခွင်စတင်ချိန်မှစ၍ ဇွန်လ ၂၀ ရက်အထိ ၂၇၀၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မျိုးကောင်းမျိုးသန့်စပါးများစိုက်ပျိုး၍ အထွက်နှုန်းတိုးစေရေးအတွက် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးစိုက်ပျိုးမှု လျာထားချက် ပြည့်မီကျော်လွန်စေရေးတာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# (၉)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်




နေပြည်တော် ဇွန် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယူနန်ပြည်နယ် အစိုးရ၏ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသော (၉)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲသို့ တက်ရောက်ရန် ဇွန်လ ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ရာ ကူမင်းမြို့သို့ ဒေသစံတော်ချိန် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိရာ ကူမင်းမြို့ ချန်းရွှေ့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်တို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြပြီး ခေတ္တတည်းခိုမည့် Green Lake Hotel သို့ လိုက်ပါပို့ဆောင်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ တီယန်ချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center) ၌ ကျင်းပသော (၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိပြီး လျှပ်စစ်မော်တော်ယာဉ်များဖြင့် ကုန်စည်ပြခန်းဆောင်များအား လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့် အာဖဂန်နစ္စတန်နိုင်ငံ၊ မော်ဒိုက်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အကြီးအကဲများနှင့်အတူ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တီယန်ချီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (Dian Chi International Exhibition and Convention Center) ခန်းမဆောင် ၇ ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ Mr. Wang Dongming နှင့်တွေ့ဆုံပြီး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ မြန်မာနိုင်ငံအတွင်း တရုတ်နိုင်ငံမှဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအတွက် ကူညီပေးရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ့ပြခန်းဆောင်၌ ခင်းကျင်းပြသထားသော မြန်မာ့ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကာ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာ့ထုတ်ကုန်များကို ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတင်ပို့နိုင်ရေးအတွက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ ပလက်ဖောင်း(Platform)ကို ထိထိရောက်ရောက် အသုံးချရန်မှာကြားခဲ့သည်။

ခရီးစဉ်အတွင်း ဇွန်လ ၁၈ ရက် နံနက်ပိုင်းက မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ္တတည်းခိုသည့် Green Lake Hotel ၌ Union Resources and Engineering Co.,Ltd. အား လက်ခံတွေ့ဆုံခဲ့သည်။

မွန်းလွဲပိုင်းတွင် Yunnan Energy Investment Group နှင့် State Power Investment Yunnan International Co.,Ltd. များသို့ သွားရောက်လေ့လာခဲ့ပြီး လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် မြန်မာနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများကို ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့ Hai Geng Garden Hotel ၌ ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Ning နှင့်တွေ့ဆုံပြီး အနာဂတ်တွင် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့်စိုက်ပျိုးမွေးမြူရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့ကို ဆွေးနွေးကြပြီး ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီကော်မတီအတွင်းရေးမှူး Mr. Wang Ning က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၀ ရက် ဒေသစံတော်ချိန် ၁ နာရီ ၁၀ မိနစ်တွင် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ ယူနန်ပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Yalin နှင့် ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်တို့က လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ နိုင်ငံရေးဆိုင်ရာသံမှူးကြီး Mr. Jia Junjie နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(၉)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၉)ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် ကမ္ဘာ့နိုင်ငံ ၅၃ နိုင်ငံမှကုန်သည်လုပ်ငန်းရှင်များက ၎င်းတို့၏ ထုတ်ကုန်များကို ပြခန်းဆောင် ၁၃ ခု၌ ပြခန်းပေါင်း ၄၈၀၀ ခင်းကျင်းပြသထားကြောင်း သတင်းရရှိသည်။

မြဝတီ

# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



နေပြည်တော် ဇွန် ၂၀

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ကျင်းပရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ခေါင်းဆောင်ရဲမှူးချုပ်ဇော်လင်းထွန်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် တိုးတက်မှုအစီရင်ခံစာမူကြမ်းစိစစ်ရေးသားရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရေးသားတင်ပြရမည့် (၁၅) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအား APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ တိုးတက်မှုအစီရင်ခံစာရေးသားတင်ပြသူများအနေဖြင့် ပြည့်စုံကောင်းမွန်စွာ ရေးသားတင်ပြနိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အချက်အလက်ပြည့်ပြည့်စုံစုံဖြင့် ရှင်းလင်းစွာရေးသားပံ့ပိုးပေးရန်နှင့်အစီရင်ခံစာရေးသားရာတွင် အဓိကထည့်သွင်းရေးသားရန် လိုအပ်သည့် အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့အတွင်းရေးမှူးက FATF မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် အခြေအနေများ၊ အစည်းအဝေးတွင် ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များကိုလည်းကောင်း၊ (၁၅) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာရေးသားရာတွင် APJG မှ အကဲဖြတ်သူများ၏ အကြံပြုချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ချက်များကို ကိန်းဂဏန်းအချက်အလက်များကိုလည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ပံ့ပိုးပေးမည့်အချက်အလက်များ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆုံးရှုံးနိုင်ခြေများကို ပြန်လည်အကဲဖြတ်စိစစ်ပြီး ရလဒ်များကို လုပ်ငန်းအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်မည့်အချက်များနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Yinmabin District to grow more than 2,000 acres of banana this monsoon

YINMABIN June 20

According to the Yinmabin District Agriculture Department, local farmers plan to grow 2,877 acres of banana as monsoon crops in Yinmabin District of Sagaing Regiion this year.

For the 2025–2026 monsoon cropping season, Yinmabin Township decided to grow 259 acres of banana, Kani Township 2,341 acres, Salingyi Township 152 acres, and Pale Township 125 acres, totalling 2,877 acres.

Daw Myat Moe Win, Head of the Department of Agriculture for Yinmabin District, said:"This year during the monsoon season, a total of 2,877 acres of banana planta-tions are planned in Yinmabin District. We will carry out necessary efforts to ensure the target acreage is fully planted. Preparations are underway to begin planting this month. Recently, we have also observed banana plantations in fallow fields. Pest and disease outbreaks have generally been mild."

Banana farmers typically plant around 1,000 banana plants per acre, and the cultivation cost per acre can reach up to Ks-2 million. At harvest time, farmers can earn around Ks-5 million per acre in return.



The Department of Agriculture for Yinmabin District also stated that they will conduct on-site educational outreach programs regarding good agricultural practices, including discussions on the risks of chemical pesticide residues to promote the production of safe and consumable crops and advice on using registered pesticides according to labelled instructions and recommended dosages. **SMK**

# Monywa District plans to grow more than 19,000 acres of Sterculia versicolor

MONYWA June 20

According to Monywa District Agricul-ture Department, local farmers will grow 19,070 acres of Sterculia versicolor in Monywa District of Sagaing Region this year.

In 2025-2026 monsoon, local autho-rities earmarked cultivation of crops on 237 acres in Monywa Township, 2,595 acres in Budalin Township, 15,683 acres in Ayadaw Township and 555 acres in ChaungU Township, totalling 19,070.

Daw San San Myint, Head of Monywa District Agriculture Department, emphasized: "Local authorities have earmarked cultivation of 19,070 acres of crops this monsoon. So, our department will help local farmers meet the target cultivation. Sterculia versicolor is resilient against water scarcity. It can be planted in all kinds of soils. So, farmers need to expand sown acreage of Sterculia versicolor plantations."

Officials from Agriculture Department urged local farmers to use GAP system without chemical residue. The crops planted in GAP system can get GAP certificate. Due to minimizing chemical residue, the Sterculia versicolor can get firm market demand rather than other species.

The Agriculture Department will cooperate with UMFCCI to expand market shares for Sterculia versicolor. **SK**

# Bogale Township ships large quantity of eels to Yangon



BOGALE June 20

A large number of eels from Bogale Township, Ayeyawady Region, was shipped to the Yangon market said Daw Zar Chi, a seafood market operator in Bogale Township.

Bogale Township is an area rich in eels and sold its products to the Yangon market in addition to the local market. Bogale Township trans-ported 73,000 visses of eels to the Yangon market .

"Farmers in Bogale Township sell eels and other fishery products in addition to agricultural products. Fisheries are also a business for locals. The Yangon market has seen a good demand for eels in the past month. The strong demand has benefited local farmers and workers," she said.

The price of eel shipped from Bogale Township to the Yangon market is up to Ks-19,500 per viss. The strong demand for eel has benefited eel hunters, breeders, workers, and event opera-tors. **SK**

# Local farmers finish harvest of peanut in Tamu District

TAMU June 20

According to records from the Tamu District Agriculture Department, all winter groundnut plantations have now been fully harvested in Tamu District, Sagaing Region.

During the winter crop season, a total of 3,243 acres of groundnuts were cultivated in Tamu District. Harvesting began in February this year and has continued until now, with 100 percent of the cultivated area successfully harvested. The yield was reported to be 62.70 baskets per acre.

U Hla Myint, Head of the Tamu District Agriculture Department, stated, "During this winter crop season, we were able to cultivate up to 3,243 acres of groundnuts. As of now, all of the planted areas have been completely harvested. Compared to the targeted acreage, cultivation has expanded. In terms of oil crops, groundnut farming has been successful, and production is improving year by year."

In Tamu District a total of 556 acres of groundnut has been harvested in Myothit Township, 1,012 acres in Tamu Township, and 1,675 acres in Khampat, totalling 3,243 acres.

Local farmers need to use 1.5 baskets of quality groundnut seeds per acre and they cost more than Ks-200,000 per acre for quality seeds, labour charge, fertilizer and pesticides. Groundnut yields more than 50 baskets per acre. **SMK**

# All soya bean plantations harvested in Kalay District

KALAY June 20

Statistics of Kalay District Agriculture Department mentioned that local farmers have harvested all sown acreage of soya bean has been harvested in Kalay District of Sagaing Region.

In Kalay District, during the winter crop season, soybeans were cultivated across a total of 11,344 acres of croplands. Harvesting of the cultivated soybean fields began in January of this year and has been completed as of today, with 100 percent of the acreage now fully harvested. The average yield per acre was reported to be 19.27 baskets.

"The winter crop season in Kalay District saw soybean cultivation covering up to 11,344 acres. As of now, all of these soybean fields have been completely harvested. To ensure good yield and high quality of the crop, we collaborated with farmers by providing quality seeds, fertilizers, and post-harvest technology support," said U Aung, the Head of the Kalay District Department of Agriculture.

According to township-level data from Kalay District Agriculture Department, local farmers harvested 9,144 acres of soya bean in Kalay Township, 258 acres in Kalewa Township, and 1,942 acres in Mingin Township, totalling 11,344 acres.



In Kalay District, in order to support farmers in expanding cultivated acreage, achieving better yields, and adopting good agricultural practices (GAP), the respective township agriculture departments have been carrying out educational and technical support activities.

Crops grown using GAP methods are of higher quality than those cultivated using traditional methods. This results in higher market prices and enables access not only to the domestic market but also to international markets. As a result, farmers adopting GAP can enjoy better economic benefits.

**SK**

# Plan underway to grow more than 500 acres of chilli in Pwintbyu Township



PWINTBYU June 20

According to Pwintbyu Township Agriculture Department, local authorities earmarked cultivation of 570 acres of chilli in Pwintbyu Township of Magway Region this monsoon.

In Pwintbyu Township, it is planned to cultivate 570 acres of chilli during this year's monsoon crop season, and planting will begin in the second week of June to ensure the full target acreage is achieved.

"This year, a total of 570 acres of chilli are planned to be cultivated within Pwintbyu Township during the monsoon season. Planting will begin around the second week of June. Efforts will be made to ensure the target acreage is fully cultivated. Since the chilli market is doing well, the situation for chilli farming is favourable. We will also work to encourage farmers to expand chilli cultivation as a commercial enterprise," said Daw Moe Moe Wai, the Head of the Pwintbyu Township Agriculture Department.

This monsoon season, the Township Agriculture Department will collaborate with local chilli farmers to improve yield, access to markets, pest and disease control, and food safety by promoting the use of Good Agricultural Practices (GAP). Training and technical assistance will be provided to help farmers properly use soil nutrients, fertilizers, and supplements to support soil fertility and productivity.

If chilli can be cultivated with high productivity, not only will local consumption be sufficiently met, but any surplus can be sold for profit. This will increase income from crops and contribute to the socio-economic development of the region. Therefore, efforts must be made across all areas to expand chilli cultivation, said Daw Moe Moe Wai.

**SK**

# Mawlamyinegyun Township supplies 66,000 bags of black gram to Yangon market

MAWLAMYINEGYUN June 20

Local merchants from Mawlamyinegyun Township of Ayeyawady Region shipped 66,000 bags of black gram to Yangon market said Daw Thida, the owner of pulse and beans trading in Mawlamyinegyun Township.

Up to 66,000 bags of black gram from Mawlamyinegyun Township were exported and sold to the Yangon market.

"We supplied 66,000 bags of black gram from Mawlamyinegyun to the Yangon market. Currently, buyers from Yangon are actively purchasing locally harvested beans. Because of the strong demand from international markets for black gram, demand from Yangon has also increased. Local traders and business operators are transporting and selling beans and rice from this region to Yangon," said Daw Thida.

Black gram and green gram are mainly exported to China. It is reported that international demand has become quite strong recently.

The price of a 24-basket bag of black gram exported from Mawlamyinegyun to the Yangon market has reached up to Ks-135,000 per bag. Due to the good market price and strong demand, farmers, traders, transport labourers, and truck rental operators are all reportedly doing well.

**SMK**

# All sown acreage of lima bean harvested in Katha District

KATHA June 20

According to statistics of Katha District Agriculture Department, local farmers have reaped all sown acreage of lima bean in Katha District of Sagaing Region.

In the district, local farmers planted 3,881 acres of lima bean in cold season. From January to date, they have harvested 380 acres of lima bean in Katha Township and 3,501 acres in Htigyaing Township, totalling 3,881 acres, yielding 17.26 baskets per acre.

"During the winter crop season in Katha District, a total of 3,881 acres of lima beans were cultivated. At present, harvesting has been fully completed across all the cultivated areas. Generally, lima beans are more commonly grown in the winter than in the rainy season. The cultivation of lima beans has been successful and thriving. Due to the good market prices, farmers have confidently expanded their lima bean plantations," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

This year, during the rainy crop season in Katha District, local farmers not only cultivated lima beans as a main crop but some also practised intercropping to earn extra income.

The Katha District Department of Agriculture is supporting farmers who grow various types of beans by helping them improve crop yields, encouraging the use of quality and pure seeds, and providing necessary technical assistance. Additionally, they are promoting knowledge on natural pesticide usage to prevent pests and diseases, as well as timely harvesting practices.

**SMK**

# Hungary offers to host Ukraine peace talks

KIEV June 20

Hungary's offer to host peace talks aimed at ending the Ukraine conflict remains valid, Foreign Minister Peter Szijjarto said on Thursday.

Hungary has maintained a dissenting position within the EU since the conflict escalated in February 2022, advocating for dialogue while most other member states have pledged only to continue military support to Kiev.

Speaking to reporters on the sidelines of the St. Petersburg International Economic Forum (SPIEF), Szijjarto reaffirmed Budapest's commitment to a peaceful resolution and said Hungary is prepared to host negotiations. He said he communicated the proposal to senior Russian and Ukrainian officials days after the outbreak of the hostilities, adding, "This offer is there, is valid, we have not withdrawn that."

Hungary would be willing to organize a summit between Russian President Vladimir Putin and his US counterpart, Donald Trump if such a meeting were requested, Szijjarto claimed. He praised the recent improvement in relations between Moscow and Washington, following the change in the US administration.

"Our clear historic experience is that whenever the US and Russia are able to maintain a civilized relationship, it's always better for Central Europe," he said.

Trump has declined to continue US military aid to Ukraine and has suggested that both Washington and Moscow could benefit from restoring bilateral ties. His efforts to mediate a truce between Russia and Ukraine contributed to the countries restarting direct negotiations in Türkiye, talks that Kiev abandoned in 2022 to focus on its military campaign.

Szijjarto noted that European nations that once called for Ukraine's victory are now urging an unconditional ceasefire. He said that many of those countries previously criticized Budapest for promoting diplomacy, arguing that the shift highlights their loss of credibility.

At a recent round of talks in Istanbul, Russia proposed two options for a conditional ceasefire, asserting that either would prevent Ukraine from regrouping and resuming hostilities, unlike an unconditional truce.

The proposals involved either a Ukrainian withdrawal from territories claimed by Russia or a halt to military mobilization and Western arms deliveries. Ukraine's Vladimir Zelensky has rejected both and demanded direct talks with Putin.

**RT**

# 119 Chinese evacuated from Israel to Egypt




TABA June 20

One hundred and nineteen Chinese citizens were evacuated from Israel to Egypt on Thursday through the Taba border crossing in Egypt's South Sinai province.

After completing the necessary procedures, the evacuees entered Egypt from the crossing around 15:30 local time (12:30 GMT) and were then guided onto buses.

According to the Chinese Embassy in Egypt, the people evacuated from Israel include 117 students and two Hong Kong residents, who will be transferred to Cairo.

"China is highly concerned about our compatriots overseas. Their well-being and safety are always our priority," said Liao Liqiang, Chinese Ambassador to Egypt.

"We completed all preparatory work efficiently within 24 hours and dispatched an action group to Taba overnight to organize the process of entry," Liao said, adding the embassy worked closely with relevant Egyptian departments overnight to request passage permits, necessary assistance, and security guarantees.

Sun Xue, a postdoctoral fellow at the Hebrew University of Jerusalem, said that the journey from Jerusalem to the Taba border crossing took about four hours.

"During the entry process at the crossing, staff and volunteers from the Chinese Embassy in Egypt provided warm assistance and coordination. We are truly grateful to them," Sun said.

**Xinhua**

# Russia, Ukraine swap more prisoners under Istanbul deal

MOSCOW June 20

Russia and Ukraine carried out another prisoner swap on Friday, said the Russian defence ministry.

In accordance with the Russian-Ukrainian agreements on June 2 in Istanbul, a group of Russian military personnel was returned from the territory controlled by Ukraine on June 20, the ministry said, not giving the number of released prisoners.

"In return, a group of prisoners of war of the Armed Forces of Ukraine was transferred," it added.

The Russian servicemen are currently in Belarus and being given necessary psychological and medical assistance, it said.

All Russian military personnel will be transported to Russia for treatment and rehabilitation in medical institutions of the Russian defense ministry, it added.

Meanwhile, Ukraine's Coordinating Headquarters for the Treatment of Prisoners of War said that the returned captives include sergeants and soldiers from the Ukrainian Navy, Land Forces, Territorial Defence, Airborne Forces and other units.

All released servicemen will receive medical examination, treatment and rehabilitation at medical facilities, the headquarters said.

During their latest round of talks in Türkiye's Istanbul, Russia and Ukraine agreed on an "all-for-all" exchange involving seriously ill and wounded prisoners, as well as soldiers under the age of 25.

**Xinhua**

# Pakistan evacuates 121 nationals from Iran via Azerbaijan

ISLAMABAD June 20

A special Pakistan International Airlines (PIA) flight carrying 121 Pakistani nationals from Iran arrived in Lahore, the capital city of Punjab province, on Friday afternoon, the PIA said in a statement.

The repatriation was necessitated by the ongoing closure of Iranian airspace, prompting the stranded passengers to travel overland from Iran to Azerbaijan's capital Baku, where the special flight was arranged, the statement added.

The Pakistani embassies in Iran and Azerbaijan worked in coordination with local authorities to ensure the safe transit and return of the citizens, the airline said.

According to official figures, over 1,400 Pakistanis have been repatriated from Iran -- more than 1,200 via the Taftan border and the rest through special PIA flights from Turkmenistan and Azerbaijan.

**Xinhua**

# ASEAN-GCC-China Summit: A New Chapter in Global South Cooperation

Hui Fan

Amid growing trade tensions and rise in protectionist policies on the international landscape, the inaugural ASEAN-GCC-China Summit, hosted under Malaysia's ASEAN chairmanship for 2025, has drawn significant international attention. This gathering marks yet another step forward in Global South cooperation, with implications for both regional development and global growth.

**Foundations for Partnership**

The three parties share deep historical and economic ties. Centuries ago, the Silk Road facilitated cultural and commercial exchanges among their peoples. Today, China remains a pivotal trade partner for both ASEAN and the GCC. Recent advancements, such as the full conclusion of China-ASEAN Free Trade Area 3.0 negotiations, underscore ongoing efforts to deepen economic integration. These longstanding relationships, nurtured through bilateral and multilateral frameworks, provide a robust foundation for expanded cooperation.

**Shared Vision for Inclusive Growth**

As advocates for open markets, the three parties reaffirmed their commitment to multilateralism during the summit. The event highlighted a shift in Global South nations from passive participants to proactive contributors in shaping international economic frameworks. Discussions underscored the importance of a rules-based global trading system, one that prioritizes equitable development over zero-sum competition. This vision aligns with broader calls for inclusive globalization that benefits all.

**Complementary Strengths**

Each region brings unique advantages to the table: ASEAN's youthful demographics and natural resources, the GCC's energy resources and financial capital, and China's vast consumer market and manufacturing prowess. By leveraging these complementary strengths, the partners will benefit from reduced energy and resource costs, accelerated logistics, and more efficient financial services. These synergies will enhance all three parties' competitiveness and resilience while enabling more secure and sustainable development, which are indispensable for navigating challenges in today's volatile global markets and maintaining growth amidst trade uncertainties.

**Synergy in Scale: 1+1+1>3**

The trilateral cooperation has already registered positive progress. Chinese Premier Li Qiang announced at the Summit that China has decided to offer five-year multiple-entry visas to eligible applicants from Southeast Asian countries for business and other purposes, and to effectively give all GCC countries visa-free status. And with a regional business council in conception, the three parties have charted a united course for cooperation in areas including economic integration, connectivity, energy security and sustainability, digital transformation and innovation, food and agriculture, and people-to-people exchanges.

Collectively, ASEAN, China, and the GCC account for nearly a quarter of the world's population and global GDP. Their collaboration signals a growing preference for cooperative and open regionalism in addressing shared challenges, such as trade disputes and supply chain disruptions. By improving infrastructure connectivity and streamlining trade, this partnership could foster synergies that multiply rather than simply add their individual strengths.

**A Model for South-South Cooperation**

Amid ongoing tariff and trade wars, the best way to navigate the current difficulties is to seek strength through unity.Through the practice of cross-regional cooperation, the three parties have demonstrated that the Global South can collectively counteract the adverse impact of unilateral tariffs by exploring new trade and investment opportunities, diversifying trade partners, and reducing reliance on traditional markets.

The three parties' connected market, one of the world's largest intra-regional markets,will also allow other countries to share more benefits, and inject much-needed certainty into the global economy. By pooling together the three important forces in the world, this innovative, inclusive and pragmatic model represents a shared commitment to the rules-based multilateral trading system with the WTO at its core, and marks a concrete step toward a peaceful, prosperous and equitable future.

**A Powerful Boost to Globalization**

In an era of interconnected economies and shared global challenges, globalization retains its transformative potential—but only if nations choose collaboration over isolation. As an innovative cooperation mechanism among Global South partners, theASEAN-GCC-China Summit demonstrates how diverse regions can align interests to strengthen multilateral frameworks and advance equitable trade.

The Summit's success sends a clear message: Solidarity doesn't require uniformity. It thrives when nations bridge divergences through structured cooperation. By prioritizing dialogue and economic interdependence, countries can transform differences into opportunities while fostering shared progress.In an uncertain world, such collaboration isn't just idealistic—it's the cornerstone of collective resilience and a more equitable future.

*The author is a Beijing-based observer of international affairs.*

# Black-eyed beans trade thrives in Hinthada Township

HINTHADA June 20

The demand for black-eyed beans from Hinthada Township, Hinthada District, Ayeyawady Region has been strong, said Daw Khaing Khaing Oo, an agricultural products market entrepreneur from Hinthada Township.

The sales have been good since the second week of April this year and strong demand for white beans in Hinthada Township is due to the strong purchase of local black-eyed beans from the Yangon market and the shortage of local black-eyed beans.

"Local black-eyed beans are being bought not only from the local market but also from other regions. Local black-eyed beans are being bought from the Yangon market. As the bean production has decreased, the sales are brisk. At present, there are no new black-eyed beans in the region. In the region, black-eyed beans are abundant during the winter harvest," she said.

Agricultural traders in the region mainly transported local agricultural products to the Yangon market and in addition to black-eyed beans, they also shipped local products such as green grams, green beans, maize, and rice.

SK

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# SpaceX ကိုစိန်ခေါ်လာနိုင်တဲ့ တရုတ်ရဲ့အင်ဂျင်ကိုးလုံးတပ် ပြန်သုံးနိုင်သောဒုံးပျံ

Space X ဆိုတာ ကမ္ဘာ့အချမ်းသာဆုံး ဘီလျံနာသူဌေးကြီး အီလွန်မက်ပိုင်ဆိုင်တဲ့အာကာသယာဉ်လွှတ်တင်ရေး ကုမ္ပဏီတစ်ခုပါ။ သူ့ရဲ့ထင်ရှားမှုက နောက်တစ်ကြိမ်ပြန်သုံးနိုင်တဲ့အာကာသဒုံးပျံတွေကို တီထွင်ဖန်တီးအသုံးပြုနိုင်ခြင်းဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် အာကာသထဲကို စူးစမ်းလေ့လာရေးယာဉ်တွေ၊ တခြားအာကာသယာဉ်တွေစေလွှတ်တဲ့အခါမှာ ဒုံးပျံတွေကိုအသုံးပြုရပါတယ်။ ဒါပေမဲ့ အဲဒီဒုံးပျံတွေက တစ်ခါသုံးတွေပါ။ နောက်တစ်ကြိမ်ပြန်သုံးလို့မရပါဘူး။ အဲဒီတော့ ကုန်ကျစရိတ်လည်း ပိုမိုများပြားပါတယ်။ ဒါကြောင့် အာကာသသုတေသနလုပ်ငန်းမှာ ထင်သလောက် ခရီးမပေါက်ခဲ့ပါဘူး။ အကြောင်းရင်းကတော့ ကုန်ကျစရိတ်အကန့်အသတ်ကြောင့်ပါ။ အီလွန်မက်က အဲဒီအားနည်းချက်ကို ဖြည့်ဆည်းနိုင်စေဖို့အတွက် အာကာသယာဉ်လွှတ်တင်ရေးဒုံးပျံတွေကို နောက်တစ်ကြိမ်ပြန်အသုံးပြုနိုင်မယ်ဆိုရင် ကောင်းမယ်လို့ စဉ်းစားပြီး တီထွင်ဖန်တီးမှုတွေလုပ်ဆောင်ခဲ့ရာမှာ အခုလိုမျိုး နောက်တစ်ကြိမ်ပြန်သုံးနိုင်တဲ့ ဒုံးပျံများနဲ့ အာကာသလုပ်ငန်းများကို စိတ်ကြိုက်လုပ်ဆောင်လာနိုင်တာဖြစ်ပါတယ်။




ဒီလိုမျိုး အာကာသယာဉ်လွှတ်တင်ရေးဒုံးကျည်နဲ့ပတ်သက်ရင် အီလွန်မက်ရဲ့ SpaceX ကုမ္ပဏီကို ယှဉ်နိုင်တဲ့သူမရှိဘူးပေ့ါ။ အခုတော့ အဲဒီလိုမဟုတ်နိုင်တော့ပါဘူး။ သူ့ကိုယှဉ်နိုင်မယ့်သူတွေ ပေါ်ထွက်လာပါပြီ။ ဟိုတစ်ရက်ကဆိုရင် ဂျပန်နိုင်ငံက ပြန်သုံးနိုင်တဲ့ဒုံးပျံကို အောင်မြင်စွာစမ်းသပ်လိုက်နိုင်သလို အခုလည်း တရုတ်နိုင်ငံမှ တက်သစ်စကုမ္ပဏီတစ်ခုက ပြန်သုံးနိုင်တဲ့ဒုံးပျံကို အောင်မြင်စွာစမ်းသပ်နိုင်စေမယ့်လမ်းကြောင်းပေါ်ရောက်နေပါပြီ။ သူတို့စမ်းသပ်နေတဲ့ဒုံးပျံရဲ့အမည်က Zhuque-3 ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့ တက်သစ်စကုမ္ပဏီတစ်ခုဖြစ်တဲ့ Landspace ကုမ္ပဏီက ဇွန်လ ၂၀ ရက်မှာ သူတို့ရဲ့ဒုံးပျံအင်ဂျင်စမ်းသပ်မှုကို လုပ်ဆောင်ပါတယ်။ အဲဒီစမ်းသပ်မှုက ဒုံးပျံကိုပစ်လွှတ်စင်မှာထားပြီး သူ့ရဲ့အင်ဂျင်ကို စမ်းနှိုးတာဖြစ်ပါတယ်။ အဲဒီစမ်းသပ်မှုကိုတော့ တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ကျူခွမ်းဂြိုဟ်တုလွှတ်တင်ရေးစင်တာရှိ ဒုံးပျံလွှတ်တင်ရေးစခန်းမှာလုပ်ဆောင်တာပါ။

Landspace ကုမ္ပဏီက Zhuque-3 ဒုံးပျံအတွက် ကိုယ်ပိုင်အင်ဂျင်တစ်မျိုးကိုထုတ်လုပ်ထားတာဖြစ်ပါတယ်။ အဲဒီအင်ဂျင်က Tianque-12A ပါ။ သူက မီသိန်းနဲ့ အောက်ဆီဂျင်အရည်ကိုပေါင်းစပ်ထားတဲ့လောင်စာကိုအသုံးပြုထားတာဖြစ်ပါတယ်။ Zhuque-3 ဒုံးပျံရဲ့ပထမအဆင့်ကိုယ်ထည်ကို သံမဏိနဲ့လုပ်ထားတာဖြစ်ပြီး အဲဒီမှာအင်ဂျင်ကိုးလုံးကိုတပ်ဆင်ပေးထားတာဖြစ်ပါတယ်။ အဲဒီစမ်းသပ်မှုမှာ ဒုံးပျံအင်ဂျင်တွေကို အစဉ်လိုက်နှိုးပြီး ၄၅ စက္ကန့်ကြာနှိုးထားတာဖြစ်ပါတယ်။ ဒီအင်ဂျင်ကိုးလုံးစလုံးဆီကနေထွက်ရှိလာတဲ့ တွန်းကန်အားပမာဏက ၇၅၄၂ ကီလိုနယူတန်ရှိတာကိုတွေ့ရပါတယ်။ အခုလိုမျိုး အင်ဂျင်တွေကို အောင်မြင်စွာစမ်းသပ်နိုင်ခြင်းဟာ Zhuque-3 ဒုံးပျံကို ပထမဆုံးအကြိမ် လက်တွေ့စမ်းသပ်နိုင်ဖို့အတွက် ခိုင်မာတဲ့အုတ်မြစ်တစ်ခုဖြစ်တဲ့အပြင် တရုတ်နိုင်ငံရဲ့ပြန်သုံးနိုင်တဲ့ဒုံးပျံနည်းပညာကိုလည်းဖော်ထုတ်နိုင်ခြင်းဖြစ်တယ်လို့ Landspace ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

Landspace ကုမ္ပဏီက Zhuque-3 ဒုံးပျံကို အခုနှစ် တတိယသုံးလပတ်အတွင်းမှာ အာကာသထဲကို လွှတ်တင်ပြီး လက်တွေ့စမ်းသပ်မှုလုပ်ဖို့စီစဉ်ထားပါတယ်။ အဲဒီစမ်းသပ်မှုမှာ ဟောင်လောင်းကုန်တင်အာကာသယာဉ်ရှေ့ပြေးပုံစံကို သယ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီစမ်းသပ်မှုမှာတော့ ဒုံးပျံအနေနဲ့ အမှန်တကယ်အလုပ်လုပ်နိုင်စွမ်းရှိ၊ မရှိကိုစမ်းသပ်သွားမှာပါ။ လာမယ့်နှစ်မှာတော့ ဒုံးကျည်ကိုပြန်သုံးနိုင်ဖို့အတွက်လုပ်ဆောင်မှုအပါအဝင် အမျိုးမျိုးသောစမ်းသပ်မှုတွေကိုပါ လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

Landspace ကုမ္ပဏီဟာ အခုဖန်တီးစမ်းသပ်၊ အခုအောင်မြင်မှုရခဲ့တာတော့မဟုတ်ပါဘူး။ သူတို့အနေနဲ့ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှာ Zhuque-1 ဆိုတဲ့ဒုံးပျံနဲ့ စမ်းသပ်မှုစတင်လုပ်ဆောင်ခဲ့တာပါ။ ဒါပေမဲ့ အဲဒီစမ်းသပ်မှုဟာ ကျရှုံးခြင်းနဲ့ပဲအဆုံးသတ်သွားရပါတယ်။ ၂၀၂၃ ခုနှစ် ဇူလိုင်လမှာတော့ Zhuque-2 ဒုံးပျံကိုစမ်းသပ်မှုလုပ်ဆောင်ခဲ့ရာ မီသိန်း-အောက်ဆီဂျင်အရည်လောင်စာကိုအသုံးပြုပြီး ကမ္ဘာပတ်လမ်းထဲရောက်ရှိခဲ့တဲ့ ပထမဆုံးဒုံးပျံဖြစ်ခဲ့ပါတယ်။ အခုတော့ အောင်မြင်မှုအလီလီရရှိခဲ့တဲ့ Landspace ကုမ္ပဏီဟာ မကြာခင်မှာ SpaceX ကုမ္ပဏီကိုစိန်ခေါ်လာနိုင်တဲ့ဒုံးပျံကိုပိုင်ဆိုင်သော တရုတ်ကုမ္ပဏီတစ်ခုဖြစ်လာတော့မှာဖြစ်ပါတယ်။

**Ref: IE**

ကိုထက်

# ကျောက်မီးသွေးတွင်းများကို ဆိုလာများတပ်လိုက်လျှင် ဂျာမနီကိုပင် လျှပ်စစ်ပေးနိုင်

ဆိုလာစွမ်းအင်ဆိုတာ အဖိုးနည်းဝန်ပါဆိုသလို သိပ်ကိုတန်ဖိုးကြီးတဲ့စွမ်းအင်အရင်းအမြစ်ကြီးတစ်ခုဖြစ်ပါတယ်။ အခု တစ်ကမ္ဘာလုံးလိုလိုကလည်း ဆိုလာစွမ်းအင်တစ်ဖြစ်လဲ နေရောင်ခြည်စွမ်းအင်ကို အပြည့်အဝအသုံးချနိုင်ဖို့ ကြိုးစားလာနေတာတွေ့ရှိရပါတယ်။ နေရောင်ခြည်စွမ်းအင်ကို ကျယ်ပြန့်စွာ အသုံးမပြုနိုင်ချိန်တုန်းက ကျောက်မီးသွေးစွမ်းအင်ကနေ လျှပ်စစ်ဓာတ်အားကို ရယူကြတာပါ။ ကျောက်မီးသွေးဆိုတာက ကမ္ဘာမြေထဲကနေထုတ်ယူရတဲ့ သယံဇာတတစ်ခုဖြစ်ပါတယ်။ သူတို့ကို ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေမှာ သုံးခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကိုရရှိအသုံးပြုတာဖြစ်ပါတယ်။



ဒီအတွက်လိုအပ်တဲ့ကျောက်မီးသွေးကိုရရှိနိုင်ဖို့ ကျောက်မီးသွေးတွင်းကြီးတွေကိုတူးဖော်ပြီး အထဲမှကျောက်မီးသွေးကိုထုတ်ယူကြပါတယ်။ ထုတ်ယူခံလိုက်ရတဲ့ ကျောက်မီးသွေးတွင်းကြီးတွေဘဝမှာတော့ ကြီးမားလှတဲ့ချိုင့်ခွက်တွေနဲ့အတူ နောက်ဆုံးမှာစွန့်ပစ်ခံဘဝကိုသာရောက်ရှိသွားကြတာပါ။ သူတို့ကိုတခြားနည်းနဲ့ပြန်သုံးကြဖို့ ဘယ်သူမှမစဉ်းစားကြတော့ပါဘူး။

အခု Global Energy Monitor ဆိုတဲ့အဖွဲ့အစည်းက ထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်လာတာတွေ့ရပါတယ်။ ဒီထုတ်ပြန်ချက်ထဲမှာ စွန့်ပစ်ကျောက်မီးသွေးတွင်းကြီးတွေကို ပြန်အသုံးပြုနိုင်စေမယ့်နည်းလမ်းကိုဖော်ပြထားပါတယ်။ အဲဒီနည်းလမ်းကတော့ ကျောက်မီးသွေးတွင်းဟောင်းနေရာတွေမှာ ဆိုလာပြားတွေတပ်ဆင်ခြင်းဖြစ်ပါတယ်။ ကျောက်မီးသွေးတွင်းဟောင်းနေရာတွေဆိုတာ အင်မတန်မှကြီးမားကျယ်ပြန့်တဲ့ ဟင်းလင်းပြင်မြေနေရာတွေဖြစ်ပါတယ်။ ဒါကြောင့် အဲဒီနေရာတွေမှာ ဆိုလာပြားတွေကိုတပ်ဆင်လိုက်မယ်ဆိုရင် ထွက်ရှိလာနိုင်တဲ့လျှပ်စစ်ဓာတ်အားပမာဏက 300 GW အထိရှိနိုင်ပါတယ်။ အဲဒီကနေထွက်ရှိတဲ့လျှပ်စစ်ဓာတ်အားပမာဏက ဂျာမနီလိုနိုင်ငံမျိုးကို တစ်နှစ်စာစွမ်းအင်ပေးနိုင်တဲ့အထိ လုံလောက်ပါတယ်။ ဒီလိုနည်းလမ်းဟာ ကမ္ဘာကြီးပူနွေးမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်တဲ့အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ်အဖြေဖြစ်ပါတယ်။ **Ref: IE**

ကိုထက်

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်




**လန်ဒန် ဇွန် ၂၀**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းကိုထုတ်ပြန်ကြေညာခဲ့ရာ အဆိုပါဆုရရှိရန် အာဆင်နယ်အသင်းမှ လူငယ်ခံစစ်ကစားသမား လီဝစ်စကယ်လီက ရေပန်းစားလျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား ခြောက်ဦးစာရင်းတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် လီဗာပူးအသင်းမှကစားသမားတစ်ဦးမျှမပါဝင်ဘဲ အာဆင်နယ်အသင်းနှင့် ဘုန်းမောက်အသင်းတို့မှ ကစားသမားနှစ်ဦးစီနှင့် အက်စ်တွန်ဗီလာအသင်းနှင့် အစ်ဗ်စ်ချ်အသင်းတို့မှ ကစားသမားတစ်ဦးစီပါဝင်လာခဲ့ကြသည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမား ခြောက်ဦးစာရင်းတွင် လီဝစ်စကယ်လီနှင့်အတူ အာဆင်နယ်အသင်းဖော် လူငယ်ကစားသမား အမ်ဝမ်နရီ၊ အက်စ်တွန်ဗီလာအသင်း တိုက်စစ်ကစားသမား ရော်ဂျာ၊ ဘုန်းမောက်အသင်း ကစားသမားနှစ်ဦးဖြစ်သည့် ကာကက်ဇ်နှင့်ဒိန်းဟူဂျီဆန်၊ လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် အစ်ဗ်စ်ချ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်ကစားသမား ဒီလက်တို့ပါဝင်လာကြသည်။

လီဝစ်စကယ်လီသည် ယခုဘောလုံးရာသီတွင် အာဆင်နယ်အသင်း၌ စီနီယာကစားသမားများ ဒဏ်ရာရရှိနေချိန်တွင် အသင်း၌ပွဲထွက်ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ပါဝင်ကစားခွင့်ရရှိခဲ့သည့်ပွဲစဉ်တိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီးနောက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ရေပန်းစားနေခြင်းဖြစ်သည်။

အလားတူ ဒီလက်သည်လည်း ယခုဘောလုံးရာသီတွင် အစ်ဗ်စ်ချ်အသင်း ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းဆင်းခဲ့ရသော်လည်း ၎င်းအနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ဆုရရှိရန် ရေပန်းစားမှုတွင် လီဝစ်စကယ်လီကို ဖိအားပေးနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# အက်သလက်တီကိုအသင်းက လီဗာပူးအသင်းမှ ရော်ဘတ်ဆန်ကို ခေါ်ယူနိုင်ရန် နီးစပ်နေ

**မက်ဒရစ် ဇွန် ၂၀**

အက်သလက်တီကိုအသင်းက လီဗာပူးအသင်းမှ ခံစစ်ကစားသမား ရော်ဘတ်ဆန်ကိုခေါ်ယူနိုင်ရန် နီးစပ်နေကြောင်း သိရသည်။

ရော်ဘတ်ဆန်သည် လီဗာပူးအသင်း၌ အဓိကကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နည်းပြဆလော့လက်အောက်၌ အခွင့်အရေးရရှိမှုနည်းပါးလာပြီး နည်းပြဆလော့က ဘုန်းမောက်အသင်းမှ ကာကက်ဇ်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် လာမည့်ဘောလုံးရာသီတွင် လီဗာပူးအသင်း၌ ရော်ဘတ်ဆန်အနေဖြင့် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရနိုင်သည့် အခြေအနေများကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ အက်သလက်တီကိုအသင်းနည်းပြ ဆီမြွန်နီကလည်း ယခုဘောလုံးရာသီတွင် အသင်း ဘယ်တောင်ပံခံစစ်နေရာ၌ လိုအပ်ချက်များရှိနေသောကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းခံစစ်ကစားသမားတစ်ဦးကို ခေါ်ယူလိုသည့်အတွက် ရော်ဘတ်ဆန်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာမှ ယခုအခါ ပြောင်းရွှေ့ကြေး ယူရို ၄ါးသန်းဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ *Ref;AS*

# အက်စ်တွန်ဗီလာအသင်းမှထွက်ခွာမည့် ဂိုးသမား မာတီနက်ဇ် မန်ယူအသင်းထံပြောင်းရွှေ့ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိ

**မန်ချက်စတာ ဇွန် ၂၀**


လက်ရှိ ကစားသမားအပြောင်းအရွှေ့ကာလတွင် အက်စ်တွန်ဗီလာအသင်းမှထွက်ခွာမည့် ဂိုးသမား မာတီနက်ဇ်က မန်ယူအသင်းထံ ပြောင်းရွှေ့ခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အသက် ၃၂ နှစ်အရွယ် မာတီနက်ဇ်သည် အာဆင်နယ်အသင်းတွင်ကစားခွင့်မရရှိသည့်အတွက် ၂၀၂၀ ပြည့်နှစ်က အက်စ်တွန်ဗီလာအသင်းထံပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းမှာ ၂၀၂၉ ခုနှစ်မှသာ ကုန်ဆုံးမည်ဖြစ်သော်လည်း မာတီနက်ဇ်ကိုယ်တိုင်က လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာ၍ မန်ယူအသင်းသို့ပြောင်းရွှေ့ကစားရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဂိုးသမား မာတီနက်ဇ်သည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ်ကစားသည့် မန်ယူအသင်းနှင့် အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်တွင် အသင်းပရိသတ်များကို မျက်ရည်များဖြင့် နှုတ်ဆက်ခဲ့ပြီးနောက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှထွက်ခွာရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

မန်ယူအသင်းသည်လည်း အသင်းဂိုးသမားနေရာ၌ အပြောင်းအလဲများလုပ်ဆောင်ရန် ကြိုးပမ်းနေကာ အသင်းမှ ဂိုးသမားအိုနာနာကို ဆော်ဒီကလပ်အသင်းများထံရောင်းချပြီး ဂိုးသမားသစ်ခေါ်ယူဖွယ်ရှိနေသည်။ လက်ရှိတွင် မာတီနက်ဇ်ကိုယ်တိုင်က မန်ယူအသင်းထံ ပြောင်းရွှေ့ကစားလိုသည့်အတွက် မန်ယူအသင်းနည်းပြကိုယ်တိုင်ကလည်း မာတီနက်ဇ်နှင့် ဆက်သွယ်မှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref;Fotmob*




# လိုက်ပဇစ်အသင်းက အသင်းမှထွက်ခွာခွင့်တောင်းဆိုထားသည့် လူငယ်ကစားသမားဆိုင်မွန်ကို လက်ရှိအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထား

**ဘာလင် ဇွန် ၂၀**

လိုက်ပဇစ်အသင်းက အသင်းမှထွက်ခွာခွင့်တောင်းဆိုထားသည့် လူငယ်တိုက်စစ်ကစားသမား ဆိုင်မွန်ကို လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ဆိုင်မွန်သည် ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ လိုက်ပဇစ်အသင်းသို့ အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ကစားပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက လိုက်ပဇစ်အသင်းနှင့် အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့သော်လည်း လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှပြန်လည်ထွက်ခွာရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အဆင့်(၇)နေရာ၌သာရပ်တည်နိုင်ခဲ့ပြီး ဥရောပအဆင့်ပြိုင်ပွဲများ ကစားခွင့်နှင့်လွဲချော်ခဲ့သည့်အတွက် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားတချို့ကို မြင့်မားသည့်ပြောင်းရွှေ့ကြေးများဖြင့်ရောင်းချကာ အသင်းဝင်ငွေရရှိရန် ကြိုးပမ်းဖွယ်ရှိနေသည့်အတွက် ဆိုင်မွန်ကိုလည်း သင့်လျော်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆိုင်မွန်သည် ယခုဘောလုံးရာသီတွင် လိုက်ပဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် ၎င်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်စီစဉ်နေပြီး လိုက်ပဇစ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၇၀ ရရှိပါက ရောင်းချရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဆိုင်မွန်သည် လိုက်ပဇစ်အသင်းနှင့်အတူ နှစ်ရာသီကစားခဲ့ပြီး ပြိုင်ပွဲစုံ ၇၆ ပွဲကစားခဲ့ရာ ၂၁ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၂၃ ကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ရေကြီးမှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ပေးသင့်သည့် နည်းလမ်းကောင်းများ

ဒေါက်တာသူဇာဝင်း
(စိုက်ပျိုးရေး)



ခုဆိုရင် ရာသီဥတုတွေက ပုံမှန်မဟုတ်တော့ပါဘူး။ ဒီနှစ်မှာတော့ မိုးဦးမှာ ဆက်တိုက်ဆိုသလို မိုးတွေ နေ့စဉ်ရက်ဆက်ရွာသွန်းနေတာဖြစ်ပါတယ်။ မိုးရွာသွန်းမှုများပြားတာနဲ့အမျှ နောက်ဆက်တွဲအနေနဲ့ ရေကြီးမှုအန္တရာယ်တွေကို သတိထားဖို့လိုပါတယ်။ မြန်မာနိုင်ငံလို မုတ်သုံရာသီဥတုရှိတဲ့နေရာတွေမှာ ရေကြီးတာက နှစ်စဉ်ဖြစ်လေ့ရှိတဲ့ပြဿနာပါ။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွေနဲ့ မြစ်ကြီးနားတစ်ဝိုက်မှာ ပိုဆိုးပါတယ်။ ခုချိန်မှာလည်း ဒီနေရာတွေမှာ ရေတွေကြီးနေပြီဖြစ်ပါတယ်။

ရေကြီးမှုတွေဖြစ်ရင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသဖြင့်ကဏ္ဍမျိုးစုံမှာ ထိခိုက်မှုတွေရှိနိုင်ပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့အဓိကစီးပွားရေးဖြစ်တဲ့ လယ်ယာလုပ်ငန်းမှာ ထိခိုက်မှုတွေရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားတွေအနေနဲ့ ရေကြီးမှုအန္တရာယ်ကြောင့် သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိအောင် ကြိုတင်ဆောင်ရွက်သင့်တာတွေ၊ ရေကြီးနေစဉ်နဲ့ရေကျသွားပြီးနောက် ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ နည်းလမ်းတွေကိုသိရှိလိုက်နာဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ထိခိုက်မှုကိုလျော့နည်းသက်သာစေမှာဖြစ်ပါတယ်။

**မိုးလေဝသသတင်းများ**

တောင်သူလယ်သမားတွေအနေနဲ့ ရာသီဥတုခန့်မှန်းချက်တွေကို ပုံမှန်စောင့်ကြည့်လေ့လာဖို့ အရေးကြီးပါတယ်။ ဒီနေ့ခေတ်မှာတော့ မိုဘိုင်းဖုန်းတွေကနေတစ်ဆင့် မိုးလေဝသအခမဲ့ဆော့ဝဲများမှနေပြီး ဒေသအလိုက် မိုးရွာသွန်းနိုင်မှုတွေကို ကြိုတင်သိရှိနိုင်နေပြီဖြစ်ပါတယ်။ တချို့ဖုန်းအော်ပရေတာတွေကလည်း ထူးခြားမိုးလေဝသ သတင်းတွေကို ဖုန်းကနေစာတိုပေးပို့နေပါတယ်။ သတင်းဌာနတွေကလည်း မိုးလေဝသ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေတာကြောင့် ဒီသတင်းအချက်အလက်တွေကိုနားထောင်ပြီး ကိုယ့်ရဲ့စိုက်ပျိုးလုပ်ကိုင်နေမှုကို အလိုက်သင့်ဆောင်ရွက်သွားဖို့လိုပါတယ်။ မိုးကြီးနိုင်တဲ့အခြေအနေမှာ ကိုယ့်အနေနဲ့ သီးနှံတွေမစိုက်ရသေးဘူးဆိုရင်တော့ စိုက်ပျိုးမယ့်သီးနှံအမျိုးအစားနဲ့စိုက်ပျိုးမယ့်အချိန်ကို သင့်လျော်သလို ပြောင်းလဲစိုက်ဖို့လိုပါတယ်။

**ပိုတက်စီယမ်မြေဩဇာထည့်ပေးပါ**

ရေကြီးနိုင်တဲ့ အခြေအနေတွေရှိခဲ့မယ်ဆိုရင် မြေဆီလွှာထဲကို ပိုတက်စီယမ်မြေဩဇာကို မဖြစ်မနေ ကြိုတင်ထည့်သွင်းထားဖို့အရေးကြီးပါတယ်။ ရေလွှမ်းမိုးတဲ့အခါမှာ အပင်တွေဟာ အောက်ဆီဂျင်ငတ်ခြင်း၊ ရေထဲမှာပျော်ဝင်နေတဲ့ ဓာတ်တွေမညီမျှခြင်းနဲ့ ရောဂါဒဏ်ခံနိုင်ရည်လျော့နည်းခြင်းတို့ကြုံရတတ်ပါတယ်။ ပိုတက်စီယမ်ဟာ အပင်ရဲ့ဆဲလ်နံရံတွေကို ပိုမိုခိုင်မာစေပြီး ရေလွှမ်းမိုးမှုကြောင့်ဖြစ်ပေါ်လာနိုင်တဲ့အမြစ်ပုပ်ခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် ပိုတက်စီယမ်ဟာ အပင်တွေရဲ့ရေဓာတ်စီမံခန့်ခွဲမှုကို ထိန်းညှိပေးပါတယ်။ ရေလွှမ်းမိုးမှုဖြစ်ပေါ်တဲ့အခါ အပင်တွေဟာ ရေဓာတ်အလွန်အမင်းစုပ်ယူမိတဲ့ပြဿနာကြုံရတတ်ပါတယ်။ ပိုတက်စီယမ်ဟာ ဆဲလ်အတွင်း ရေဖိအားကို ထိန်းညှိပေးပြီး ဆဲလ်တင်းမာမှုကို ထိန်းသိမ်းပေးနိုင်တာကြောင့် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေပါတယ်။ နောက်ထပ်အချက်အနေနဲ့ ပိုတက်စီယမ်ဟာ အမြစ်ဖွံ့ဖြိုးမှုကို အားပေးပါတယ်။ ရေလွှမ်းမိုးမှုဒဏ်ကိုခံနိုင်ဖို့အတွက် ကောင်းမွန်တဲ့အမြစ်စနစ်ရှိဖို့အရေးကြီးပါတယ်။ ပိုတက်စီယမ်ကြွယ်ဝတဲ့အပင်တွေဟာ အမြစ်ဖွံ့ဖြိုးမှုကောင်းမွန်တဲ့အတွက် ရေလွှမ်းမိုးမှုကိုပိုမိုခံနိုင်ရည်ရှိကြပါတယ်။ ရေမကြီးခင် ပိုတက်စီယမ်ဓာတ်လုံလောက်စွာရရှိထားတဲ့ အပင်တွေဟာ ရေကျသွားပြီးနောက် နာလန်ပြန်ထတာမြန်ပြီး အရွက်တွေမြန်မြန်စိမ်းလာတာ၊ ကြီးထွားမှုမြန်တာမျိုးဖြစ်စေပါတယ်။

**ထရိုင်ခိုဒါးမားဖျန်းပေးပါ**

ရောဂါကာကွယ်ဖို့နဲ့ မြေဆီလွှာကျန်းမာစေဖို့အတွက် ဇီဝမြေဩဇာဖြစ်တဲ့ထရိုင်ခိုဒါးမား (Tricho-derma)ကို ရေမကြီးခင်မှာ ကြိုတင်ပြီး ဖျန်းပေးတာမျိုးလုပ်သင့်ပါတယ်။ ရေကြီးခြင်းဟာ မြေဆီလွှာထဲက အကျိုးပြုဇီဝသက်ရှိများကိုသေစေနိုင်ပြီး မြေဆီလွှာဖွဲ့စည်းမှုကို ပျက်စီးစေပါတယ်။ ထရိုင်ခိုဒါးမားက မှိုမျိုးစိတ်ဖြစ်ပြီး ရောဂါကာကွယ်ဖို့ အသုံးဝင်ပါတယ်။ ရေလွှမ်းတဲ့အခါ မြေဆီလွှာထဲက အောက်ဆီဂျင်နည်းသွားပြီး ရောဂါဖြစ်စေတဲ့မှိုတွေ ပေါက်ပွားလွယ်ပါတယ်။ ထရိုင်ခိုဒါးမားကို ကြိုတင်ဖျန်းထားရင် ရောဂါကျရောက်မှုတွေကို ထိန်းချုပ်နိုင်ပါမယ်။ ဒါ့အပြင် ရေလွှမ်းခံရတဲ့အပင်တွေဟာ ဖိစီးမှုခံစားရပြီး ခုခံအားကျလေ့ရှိပါတယ်။ ထရိုင်ခိုဒါးမားက အပင်ရဲ့ခုခံအားစနစ်ကို မြှင့်တင်ပေးနိုင်တဲ့အပြင် အမြစ်ဇုန်တစ်ဝိုက်မှာ အကျိုးပြုဇီဝဒြပ်ထုတွေကို ဖွဲ့စည်းပေးနိုင်သလို အမြစ်ကြီးထွားမှုကို လှုံ့ဆော်ပေးတဲ့ဟော်မုန်းတွေကို ထုတ်လွှတ်ပေးပြီး အမြစ်ဖွံ့ဖြိုးမှုကိုအားပေးပါတယ်။ ဒါကြောင့် ရေကျသွားပြီး မြေဆီလွှာပြန်ခြောက်ချိန်မှာ အပင်တွေ မြန်မြန်ပြန်နာလန်ထူလာဖို့ ကူညီပေးပါတယ်။ ထရိုင်ခိုဒါးမားဟာ သဘာဝဆွေးမြည့်မှုဖြစ်စဉ်(Decompo-sition)ကို မြန်စေတဲ့အပြင် မြေဆီလွှာဖွဲ့စည်းပုံကို ပြန်လည်ကောင်းမွန်စေပြီး အပင်တွေကို မြေဆီလွှာထဲမှအာဟာရဓာတ်များ အထူးသဖြင့် ဖော့စဖရပ်ကို ပိုမိုလွယ်ကူစွာရရှိအောင် ကူညီပေးပါတယ်။ ထရိုင်ခိုဒါးမားကို ရေကြီးပြီးမှ ဖျန်းရင် မထိရောက်ပါဘူး။ ရေစီးနဲ့ပါသွားနိုင်သလို လိုရာနေရာကို မရောက်နိုင်ပါဘူး။ ရေမလွှမ်းခင် အမြစ်စနစ်ကျန်းမာနေချိန်မှာ ဖျန်းတာက ပိုပြီးထိရောက်ပါတယ်။ ဒါကြောင့် ရေလွှမ်းမှုမဖြစ်ခင် ကြိုတင်ဖျန်းထားဖို့အရေးကြီးတယ်။

**မိုးဆက်တိုက်ရွာနေချိန်**

မိုးအဆက်မပြတ်ရွာနေတဲ့အခြေအနေမှာဆိုရင် တောင်သူတွေအတွက် အရေးကြီးဆုံးက စိုက်ပြီးသီးနှံတွေထိခိုက်မှုမရှိစေဖို့အတွက် စိုက်ခင်းထဲရေမဝပ်အောင်လုပ်ဖို့နဲ့ ရေစီးဆင်းမှုကောင်းအောင်လုပ်ဖို့ပါ။ တကယ်တမ်းတော့ သီးနှံတွေစိုက်ပြီဆိုတာနဲ့ စိမ့်မြောင်း၊ ပတ်မြောင်း၊ ရေထုတ်မြောင်းတွေသေချာလုပ်ထားရမှာဖြစ်ပါတယ်။ ရေစီးဆင်းမှုကောင်းအောင် မြောင်းတွေကို ပုံမှန်သန့်ရှင်းရေးလုပ်ဖို့လည်း လိုပါတယ်။ ရေထုတ်မြောင်းမလုပ်ခဲ့မိဘူးဆိုရင်တော့ သီးနှံပင်တွေ ရေမြုပ်နေရင် အမြစ်ပျက်စီးမှာစိုးရိမ်ရတာကြောင့် အခုလို မိုးဆက်တိုက်ရွာနေချိန်မှာ ယာယီဖြေရှင်းနည်းအနေနဲ့ မြန်မြန်ရေထုတ်နိုင်ဖို့ ရေစုပ်စက်သုံးပြီးရေထုတ်တာ၊ ရေထွက်ဖို့လွယ်ကူတဲ့နေရာတွေမှာ ရေပိုက်တို့ပလတ်စတစ်စတို့နဲ့ ရေလမ်းကြောင်းဖောက်ပြီး ရေထုတ်တာမျိုးလုပ်ပေးရပါမယ်။ အကယ်၍ ရုတ်တရက် ရေတက်လာမယ်ဆိုရင် လယ်ကွင်းဘေးတွေမှာ ယာယီရေကာတာလုပ်နိုင်ဖို့ သဲအိတ်တွေ ကြိုစုဆောင်းထားတာမျိုးလည်း လုပ်ထားသင့်ပါတယ်။ မိုးများလွန်းတာကြောင့် အပေါ်ယံမြေဆီလွှာကို တိုက်စားမှုကနေကာကွယ်ဖို့အတွက် ကောက်ရိုးလိုမျိုး သီးနှံအကြွင်းအကျန်တွေနဲ့ ၄ လက်မအထူခန့် ဖုံးအုပ်ပေးမယ်ဆိုရင် မိုးရေကြောင့် မြေဆီလွှာပျက်စီးမှု ၇၀ ရာခိုင်နှုန်းခန့်လျှော့ချနိုင်မှာဖြစ်ပါတယ်။

**ရေကြီးနိုင်တဲ့ဒေသများ**

ရေကြီးနိုင်တဲ့ဒေသတွေမှာ ရေဝပ်ဒဏ်ခံနိုင်တဲ့ သီးနှံမျိုးတွေ ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ ဥပမာအနေနဲ့စပါးစိုက်မယ်ဆိုရင် ရေလွှမ်းခံစပါးမျိုး၊ ရေမြုပ်ဒဏ်ခံမျိုး၊ ရေနက်ကွင်းတွေမှာဆိုရင်တော့ ရေနက်စပါးမျိုးစိုက်သင့်ပါတယ်။ ပြောင်းစိုက်မယ်ဆိုရင်လည်း ရေဝပ်တာကို ငါးရက်လောက်ခံနိုင်တဲ့မျိုး (Water Tolerant Maize)စိုက်သင့်ပါတယ်။ လက်ရှိစိုက်ပြီးသားသီးနှံပျက်စီးသွားရင် အချိန်မီ ပြန်စိုက်နိုင်ဖို့ အရန်မျိုးစေ့တွေဝယ်ထားတာ၊ အရန်ပျိုးပင်တွေ စိုက်ထားတာမျိုးလည်း လုပ်သင့်ပါတယ်။

**ပေါင်ကြီးတင်စနစ် (Raised Bed Farming or Broad Bed and Furrow)**

အကောင်းဆုံးကတော့ သီးနှံတွေစိုက်မယ်ဆိုရင် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးသင့်ပါတယ်။ ရေကြီးရေလျှံမှုဖြစ်နိုင်ခြေများတဲ့ဒေသတွေမှာ ပေါင်ကြီးတင်စိုက်စနစ်ဟာ အပင်တွေကိုရေဝပ်ဒဏ်မှ ထိရောက်စွာကာကွယ်ပေးနိုင်တဲ့ သဘာဝနည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။ ကနဦးမှာတော့ ပေါင်တွေဖော်ဖို့အတွက် လုပ်အားစိုက်ထုတ်မှုလိုအပ်ချက်တွေ၊ လုပ်အားခကုန်ကျစရိတ်တွေရှိသော်လည်း ရေရှည်မှာ သီးနှံအထွက်နှုန်းတည်ငြိမ်မှုအတွက် များစွာအထောက်အကူပြုပါတယ်။ လက်ရှိမှာလည်း ပဲမျိုးစုံ၊ နှမ်း၊ ပြောင်း၊ ဝါ၊ ဟင်းသီးဟင်းရွက်အစရှိတဲ့ သီးနှံတွေစိုက်ပျိုးတဲ့အခါ ဒီစနစ်ကိုကျင့်သုံးဆောင်ရွက်နေတဲ့ ဒေသတွေရှိပါတယ်။ အဓိကအားဖြင့် မြစ်ဝကျွန်းပေါ်ဒေသများ (ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး)၊ မြေပြန့်လွင်ပြင်ဒေသများ (စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး)နဲ့ မိုးများပြီး ရေဝပ်လွယ်တဲ့ဒေသတွေမှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလျက်ရှိပါတယ်။ ရေကြီးမှုပမာဏ၊ မြေအမျိုးအစား၊ စိုက်မယ့်သီးနှံ စတဲ့အချက်တွေပေါ်မူတည်ပြီး ပေါင်အမြင့်၊ အကျယ်နဲ့ပေါင်ကြားအကွာအဝေးကို ချိန်ညှိပြီးမှ ပေါင်ပြုလုပ်ဖို့ အရေးကြီးသလို ရေနုတ်မြောင်းတွေကို ပုံမှန်သန့်ရှင်းပေးဖို့ လိုအပ်ပါတယ်။ စနစ်တကျလုပ်ထားခဲ့မယ်ဆိုရင် သီးနှံပင်များ ရေမြုပ်ခြင်းမှ ၉၀ ရာခိုင်နှုန်းကာကွယ်ပေးနိုင်ပါတယ်။ ဒါ့အပြင် မြေဆီလွှာအခြောက်မြန်တဲ့အတွက် အမြစ်ဇုန်မှာ လေဝင်လေထွက်ကောင်းစေသလို ပေါင်းပေါက်ရောက်မှုနဲ့ ရောဂါကျရောက်မှုတွေကို ထိန်းချုပ်ဖို့ ပိုမိုလွယ်ကူစေပြီး မြေဩဇာနဲ့ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ပါတယ်။

**မြေအသုံးချမှု**

တောင်သူတွေအနေနဲ့ မိမိဒေသရဲ့မြေအနေအထားအရ မြေကိုစနစ်တကျစီမံအသုံးချတတ်ဖို့လည်းလိုပါတယ်။ ဥပမာ ရေဝပ်ဖို့လွယ်ကူတဲ့မြေနိမ့်ချိုင့်ဝှမ်းလိုဒေသတွေမှာ ရေလွှဲမြောင်းနဲ့ရေကန်ငယ်များ မဖြစ်မနေလုပ်ထားရပါမယ်။ တောင်ပေါ်ဒေသတွေ၊ ကုန်းမြင့်ပိုင်းတွေမှာဆိုရင် သစ်သီးပင်များ (ငှက်ပျော၊ သရက်၊ ပိန္နဲ၊ အုန်း)စတဲ့ ဥယျာဉ်ခြံသီးနှံတွေစိုက်သင့်ပြီး အနိမ့်ပိုင်းရေဝပ်မြေတွေမှာတော့ စပါးနဲ့ငါးမွေးမြူရေးပေါင်းစပ်ထားတဲ့(Integrated Farming)မျိုးဆောင်ရွက်သင့်ပါတယ်။ ယာသီးနှံတွေစိုက်တဲ့အခါ အခြေအနေပေးမယ်ဆိုရင် သီးနှံတစ်မျိုးတည်းစိုက်မယ့်အစားသီးနှံ နှစ်မျိုး၊ သုံးမျိုးကို သီးညှပ်သို့မဟုတ် အကန့်လိုက် စိုက်သင့်ပါတယ်။ ဒါမှသာ သီးနှံတစ်ခုပျက်ခဲ့ရင် အခြားကျန်နေတဲ့ သီးနှံကနေဝင်ငွေရနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးရေးတစ်ခုတည်းကိုမလုပ်ဘဲ တစ်နိုင်တစ်ပိုင်မွေးမြူရေးနဲ့တွဲပြီး လုပ်ဖို့လိုပါတယ်။ ဥပမာအနေနဲ့ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ နွား စတဲ့တိရစ္ဆာန်တွေကို မွေးထားတာမျိုး၊ ငါးကန်/ ပုစွန်ကန်တွေမွေးမြူတာမျိုးလုပ်ထားမယ်ဆိုရင် ကိုယ်စိုက်ထားတဲ့ သီးနှံပျက်သွားခဲ့ရင်တောင် မွေးမြူရေးလုပ်ငန်းကနေဝင်ငွေရရှိမှာဖြစ်ပါတယ်။

**မြေဆီလွှာတိုက်စားမှုလျှော့ချရေး**

ရေကြီးမှုတွေဖြစ်ခဲ့ရင် စိုက်ပျိုးမြေတွေမှာ မြေဆီလွှာတိုက်စားမှု လျော့နည်းစေဖို့အတွက် မြေဆီလွှာနဲ့ ရေထိန်းသိမ်းရေးအလေ့အထကောင်းတွေဖြစ်တဲ့ စိုက်ခင်းဘေးတစ်လျှောက်မှာ ရေတိုက်စားမှုကိုခံနိုင်အောင် ဒေသနဲ့သင့်လျော်တဲ့ နှစ်ရှည်သီးပင်၊ စားပင်တွေစိုက်ပျိုးထားတာမျိုး၊ (Cover crop)တွေ စိုက်ထားတာ၊ ဗာတီဗာမြက်တွေ စိုက်ထားတာ၊ မြေအနေအထားပေါ်မူတည်ပြီး ကွန်တိုကန်သင်း၊ ရေစိမ့်နိုင်တဲ့ ကျောက်စီကန်သင်း၊ နှန်းတားကန်သင်း စတာတွေကို ပြုလုပ်ထားသင့်ပါတယ်။

စာမျက်နှာ ၂၆ သို့ ➤

➤ စာမျက်နှာ ၂၅ မှအဆက်

အထူးသဖြင့် ရုတ်တရက် စိုက်ခင်းတွေထဲကိုရေတွေ ဝင်လာမယ်ဆိုရင် အလွယ်တကူ ရေဖောက်ထုတ်နိုင်ဖို့ စိုက်ခင်းတွေမှာ ရေထွက်ပေါက်ရှိအောင် သေချာလုပ်ထားပြီး စိုက်ခင်းအနီးပတ်ဝန်းကျင်မှာရှိတဲ့ ချောင်းရိုး၊ မြောင်းရိုးတွေမှာ ရေစီးရေလာကောင်းမွန်စေဖို့ကို ဆောင်ရွက်သင့်ပါတယ်။

**ပြန်လည်ကုစားရေး**

ရေကျသွားတဲ့အခါမှာတော့ ချက်ချင်းဆိုသလို ရေမြုပ်ခဲ့တဲ့ မြေတွေကို ပြန်လည်ပြုပြင်ကုစားရေး လုပ်ငန်းတွေ စတင်ဖို့လိုပါတယ်။ ရေနုတ်မြောင်းများသန့်ရှင်းခြင်း၊ ရေဝပ်ကျန်ရစ်သောနေရာများကို ရေထုတ်ခြင်း၊ မြေဆီလွှာကို ပြန်လည်ပြုပြင်တဲ့အနေနဲ့ မြေဆီတွင် ဆားဓာတ်စုပုံမှုကို လျှော့ချရန် မိုးရေဖြင့် ဆေးကြောခြင်း(Leaching)စတာမျိုး ဆောင်ရွက်သင့်ပါတယ်။

ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရတဲ့ စိုက်ခင်းတွေကို ပြန်လည်ကုစားခြင်းဟာလည်း ရေဘေးအန္တရာယ်စီမံခန့်ခွဲမှုရဲ့အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ စပါးစိုက်ထားတာဆိုရင် ရေကြီးနစ်မြုပ်ပြီးနောက် စပါးခင်းရဲ့ရေနစ်မြုပ်မှုအခြေအနေ၊ ပျက်စီးမှုအခြေအနေ၊ မြေဆီလွှာအခြေအနေနဲ့ ရောဂါကျရောက်မှုအခြေအနေတွေကို အချိန်မီစစ်ဆေးပြီး လိုအပ်တဲ့ပြန်လည်ကုစားခြင်း လုပ်ငန်းကိုဆောင်ရွက်ရပါမယ်။ ရေမြုပ်မှုဒဏ်ကြာရှည်ခံရတဲ့စပါးခင်းတွေဟာ ရေကြောင့် အပင်ရှည်ထွက်ပြီး အပင်ပျော့နေမှာဖြစ်တဲ့အတွက် ရေပြန်ကျချိန်မှာ အပင်ယိုင်လဲမှုနည်းစေဖို့ ကန်သင်းအတွင်းမှရေကိုထိန်းပြီး တဖြည်းဖြည်းချင်း လျှော့ချပြီးမှရေထုတ်ခြင်းကို ဆောင်ရွက်ရပါမယ်။ ဖြစ်နိုင်ရင် စပါးခင်းမှရေကို ပြောင်စင်အောင် ထုတ်ပေးရပါမယ်။

စပါးပင်ငယ်စဉ်ကာလမှာ ရေမြုပ်ခဲ့မယ်ဆိုရင် ကောက်ပင်စိပ်သည့်နေရာမှ ပြန်လည်နုတ်ယူ၍ ကောက်ပင်ကျဲသွားသောနေရာတွေမှာ ကောက်ပင်ဖာထေးခြင်း၊ မြေဩဇာနှင့်ရွက်ဖျန်းမြေဩဇာများ နှုန်းထားမှန်ကန်စွာနဲ့ စနစ်တကျပြန်လည်ထည့်သွင်းပေးခြင်း စတာတွေဆောင်ရွက်သင့်သလို ရေကျသွားချိန်မှာဖြစ်ပေါ်လာသော စိုထိုင်းဆ၊ အပူချိန်တွေကြောင့် စပါးပင်မှာ မှို၊ ဗက်တီးရီးယား စတဲ့ရောဂါတွေဖြစ်လာစေနိုင်သလို ပိုးကျရောက်မှုတွေလည်း ရှိနိုင်တဲ့အတွက် စောင့်ကြည့်စစ်ဆေး ကာကွယ်တာမျိုးဆောင်ရွက်ဖို့လိုပါတယ်။ ရေကြီးနစ်မြုပ်ဖြစ်ပွားပြီးနောက် ပြန်လည်စိုက်ပျိုးမယ့် သီးနှံတွေမှာဆိုရင်လည်း ပိုးမွှား၊ ရောဂါတွေကျရောက်နိုင်တာကြောင့် ကြိုတင်ကာကွယ်နိုင်ဖို့ ဆောင်ရွက်သင့်ပါတယ်။

လုံးဝပျက်စီးသွားတဲ့စပါးခင်းတွေမှာ စပါးပြန်စိုက်ဖို့ အချိန်မီနိုင်မယ်ဆိုရင်တော့ သက်တမ်းတို စပါးမျိုးများကို ပြန်စိုက်သင့်ပါတယ်။ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိတဲ့ ဧရိယာတွေမှာ ဒေသနဲ့သင့်လျော်ပြီး ဈေးကွက်ရှိတဲ့ အခြားသီးနှံတွေကို အချိန်မီပြန်ပြီး စိုက်သင့်ပါတယ်။ ရေမြုပ်လယ်ယာမြေတွေမှာဆိုရင် ရေထဲကနေတစ်ဆင့် အဆိပ်အတောက်ဖြစ်စေနိုင်တဲ့ ဓာတ်ပစ္စည်းတွေပါလာနိုင်ပြီး မြေကြီးထဲမှာ ဓာတုဒြပ်ကြွင်းတွေကျန်ရှိနိုင်တာကြောင့် မြေဆီလွှာဓာတ်ခွဲစစ်ဆေးဖို့လိုသလို ဓာတ်ခွဲအဖြေပေါ်မူတည်ပြီး မြေဆီလွှာကို ပြန်လည်ပြုပြင်ပေးဖို့လည်း လိုအပ်ပါတယ်။

မိုးဆက်တိုက်ရွာချိန်မှာ ရေဝပ်မြေတွေကို ဓာတ်မြေဩဇာထည့်ခြင်းဟာ ငွေကုန်ကြေးကျမှုရှိတာသာဖြစ်ပြီး သီးနှံအတွက် အကျိုးမရှိပါဘူး။ ရေထုတ်ဖို့နှင့်ရောဂါကာကွယ်ဖို့ကိုသာ ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် ယူရီးယားဓာတ်မြေဩဇာကို မိုးသည်းထန်စွာရွာနေစဉ်မှာ လုံးဝမသုံးရပါဘူး။ မိုးသည်းထန်နေချိန်မှာ ယူရီးယားဒြပ်ပေါင်းတွေဟာ မြေဆီလွှာအတွင်းကို စိမ့်ဝင်ဖို့ အခွင့်အလမ်းနည်းပြီး မြေကြီးအပေါ်ယံမှာပဲ ရေနဲ့အတူစီးသွားတာ ဒါမှမဟုတ် အငွေ့ပြန်သွားတာဖြစ်နိုင်ပါတယ်။ စီးဆင်းသွားတဲ့ ယူရီးယားဟာ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေထဲရောက်သွားပြီး ရေထုညစ်ညမ်းမှုကိုဖြစ်စေသလို ရေနေသတ္တဝါတွေကိုလည်း ထိခိုက်စေနိုင်ပါတယ်။

**ပူးပေါင်းဆောင်ရွက်ရေး**

ရေကြီးချိန်မှာ လယ်သမားများအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်နိုင်ဖို့အတွက် ကျေးရွာအဆင့် ရေဘေးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းထားဖို့လည်းလိုအပ်ပါတယ်။ ဥပမာအနေနဲ့ ရေအသုံးချသူများအသင်း (Water Users Association–WUA) လိုမျိုး အသင်းအဖွဲ့တွေဖွဲ့ထားပြီး ရေမြောင်းတွေကို အစုအဖွဲ့အလိုက်ပြုပြင်တာ၊ ရွာထဲမှာ ထူးခြားရာသီဥတုသတင်းကို ကြေညာပေးတာ၊ လိုအပ်ချက်တွေ၊ အခက်အခဲတွေကို ဌာနဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်တာမျိုး လုပ်သင့်ပါတယ်။

ယခုဖော်ပြခဲ့တဲ့ နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ လက်တွေ့အသုံးချခြင်းဖြင့် မိုးဆက်တိုက်ရွာမှုကြောင့် သီးနှံများဆုံးရှုံးမှုကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါကြောင်း ကျေးဇူးရှင်တောင်သူလယ်သမားများအကျိုးကိုမျှော်မှန်းပြီး စိတ်စေတနာထက်သန်စွာဖြင့် လေးစားစွာတင်ပြလိုက်ရပါတယ်။ ။

# ပဲခူးမြို့၌ ကျောင်းပြင်ပမူလတန်းပညာရေး ဖွင့်လှစ်သင်ကြား

ပဲခူး ဇွန် ၂၀

ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေးလမ်းမရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအစီအစဉ်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာကျောင်းတက်ရန်အခက်အခဲရှိနေသူများကိုဦးစားပေး၍ ကျောင်းပြင်ပမူလတန်း(NEPE) ပညာရေးသင်ကြားမှုကို ဇူလိုင်လမှစတင်ကာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

ကျောင်းပြင်ပ မူလတန်းပညာရေး သင်ကြားရာတွင် အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း မူလတန်းဆင့်မပြီးဆုံးသေးသည့် နှစ်ချို့ကျောင်းသားများ၊ နေ့ဘက်မိဘကူညီနေသည့် အခြေခံပညာကျောင်းတက်ရန် အခက်အခဲရှိနေသူများကို ဦးစားပေး၍ ကျောင်းပြင်ပမူလတန်း(NEPE) တက်ရန် စာရင်းပေးသွင်းအပ်နှံနိုင်ကြောင်း၊ ကျောင်းလုံးဝမနေဘူးသူ သို့မဟုတ် မူလတန်းအောက်ဆင့် Grade-3 မပြီးဆုံးသူများ 3 (Level-1)၊Grade-3 အောင်ပြီး မူလတန်းဆင့်မပြီးဆုံးသူများ ဒုတိယအဆင့်(Level-2) တက်ရောက်ရန်ဖြစ်ကြောင်းသိရသည်။

ကျောင်းအပ်နှံရန်အတွက် ကျောင်းပြောင်းလက်မှတ်၊ မွေးစာရင်းမူရင်းနှင့် မိတ္တူ သို့မဟုတ် အသက်ထောက်ခံချက်၊ အိမ်ထောင်စုစာရင်းမူရင်းနှင့် မိတ္တူတို့ လိုအပ်မည်ဖြစ်သည်။

ကျောင်းပြင်ပမူလတန်း(NEPE) ပညာရေးကို ၂၀၂၅ ခုနှစ် ဇူလိုင်လမှစတင်ကာ ၂၀၂၆ ခုနှစ် မတ်လထိ တနင်္လာမှစနေ (တစ်ပတ် ခြောက်ရက်) ညနေ ၃ နာရီခွဲမှ ည ၆ နာရီခွဲထိ သင်ကြားမည်ဖြစ်ပြီး ကျောင်းအပ်နှံလိုသူများအနေဖြင့် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း သို့မဟုတ် မြို့နယ်ပညာရေးမှူးရုံး၌ စာရင်းပေးသွင်းအပ်နှံနိုင်ကြောင်း သိရသည်။

(၄၁၀)

# စာဖတ်ရှိန်မြင့်မားရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ



ကျောက်ဆည် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ရွှေအခြေခံပညာအထက်တန်းကျောင်းဘက်စုံသုံးခန်းမ၌ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတပြည့်ဝပြီး စာဖတ်ရှိန်မြင့်မားစေရန် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသပွဲကို ဇွန်လ ၂၀ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

လူငယ်ရေးရာအသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်မြို့နယ် စာရေးဆရာများအသင်းအဖွဲ့ဝင် ဒေါ်ခင်ချို(သီတဂူကျောက်ဆည်)က လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဘက်စုံထူးချွန်ထက်မြက်စေရန်၊ လူငယ်နှင့်ရည်မှန်းချက် ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး အသိပညာပေးဟောပြောကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ချောင်းဆုံမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

ချောင်းဆုံ ဇွန် ၂၀

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)၌ ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁၉ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ ဇွန်လ ၂၀ ရက်အထိ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၈၉၅၈ သိန်းထုတ်ချေးနိုင်ပြီး မိုးစပါး ၂၇၀၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိမိုးစပါးစိုက်တောင်သူများအား ချေးငွေစုစုပေါင်းငွေကျပ် ၅၁၆၆၃ သိန်းခန့်အားထုတ်ချေးပေးနိုင်ရန်လျာထား ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရသည်။

မြို့နယ်အတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ်အတွက် မိုးစပါးစိုက်ပျိုးဧက ၆၅၃၀၉ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး တောင်သူများ လုပ်ငန်းခွင်စတင်ချိန်မှစ၍ ဇွန်လ ၂၀ ရက်အထိ ၂၇၀၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုး၍ အထွက်နှုန်းတိုးပွားစေရေးအတွက် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိုးစပါးစိုက်ပျိုးမှု လျာထားချက်ပြည့်မီကျော်လွန်စေရေး တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ
# အဲန်ကေ ၆၂၅ ပြောင်းမျိုး အပင်ပေါက်လုပ်ဆောင်မှုများနှင့်ပတ်သက်၍
# အသိပေးကြေညာခြင်း

ဧရာဝတီမျိုးစေ့ ဧရာဝတီမျိုးစေ့

ဧရာဝတီမျိုးစေ့ကုမ္ပဏီမှ စပ်မျိုးပြောင်း NK 625 သည် နှစ်စဉ်နှစ်တိုင်း အပင်ပေါက်ရာခိုင်နှုန်းပျမ်းမျှ ၉၅ % သို့မဟုတ် ၉၅ % ထက်မြင့်မားမှုရှိပြီး တောင်သူများယုံကြည်စိတ်ချစွာစိုက်ပျိုးနေသော ပြောင်းမျိုးဖြစ်ပါသည်။ အထွက်ကောင်းခြင်း၊ အပင်ယိုင်လဲမှုခံနိုင်ရည်မြင့်ခြင်းကြောင့်လည်း တောင်သူများမှ နှစ်စဉ်စိုက်ပျိုးနေသောမျိုးဖြစ်ပြီး ဧရာဝတီမျိုးစေ့ကုမ္ပဏီသည် တောင်သူများလက်ဝယ်သို့ ရာသီအချိန်မီဖြန့်ဖြူးနိုင်ရန် အမြဲတမ်းကြိုးပမ်းနေပါသည်။ သို့ရာတွင် လွန်ခဲ့သောနှစ် ပြောင်းမျိုးစေ့များတင်သွင်းရာ၌ အချို့သောကြန့်ကြာမှုများကြောင့် အနည်းငယ်သော NK 625 5kg(Thailand) မျိုးစေ့များတွင် အပင်ပေါက်သက်ရောက်မှုများရှိခဲ့ပြီး သတ်မှတ်ထားသောအပင်ပေါက်ရာခိုင်နှုန်းစံချိန်အောက်ရှိခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အောက်ပါဆောင်ရွက်မှုများကိုပြုလုပ်ခဲ့ပါသည်။

- မျိုးစေ့အထုပ်ပေါင်း ၂၅၀ ကျော်မှ မျိုးစေ့များကို ဓာတ်ခွဲခန်းနှင့် ကွင်းစမ်းသပ်မှုများပြုလုပ်ခဲ့ပါသည်။
- အများစုမှာ နိုင်ငံတော်မှသတ်မှတ်ထားသော အပင်ပေါက်ရာခိုင်နှုန်းဖြစ်သည့် ၈၅ % အထက်ရှိကြောင်း တွေ့ရှိရပါသည်။
- အပင်ပေါက်ရာခိုင်နှုန်းစံချိန်မပြည့်မီသော အောက်ပါမျိုးစေ့အထုပ်(သို့) Lots ၉ ခုအား ချက်ချင်းပြန်လည်သိမ်းယူခဲ့ပြီး အပင်ပေါက်ကောင်းသောမျိုးအိတ်များဖြင့် လဲလှယ်ပေးခဲ့ပါသည်။
  NK 625 – 18864541, 18864542, 18864545, 18864547, 18890440, 18855778, 18855781, 18855782, 18916923
- တောင်သူများဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန်အတွက် ကိုယ်စားလှယ်များမှတစ်ဆင့် ငွေအပြည့်ပြန်အမ်းခြင်းနှင့် မျိုးစေ့အိတ်များ အစားထိုးလဲလှယ်ခြင်းများကိုပြုလုပ်ခဲ့ပါသည်။
- လွန်ခဲ့သော(၂)လအတွင်း ကျွန်တော်တို့၏ ကွင်းဆင်းအဖွဲ့များသည် နိုင်ငံတစ်ဝန်းရှိ တောင်သူ ၃၀၀၀ ကျော်၊ မျိုးစေ့ဖြန့်ဖြူးသူ(၃၀)ကျော်နှင့် ကိုယ်တိုင်တွေ့ဆုံကာဖြစ်ပေါ်လျက်ရှိသောကိစ္စအတွက် စိတ်ကျေနပ်မှုရရှိစေရန်ဆောင်ရွက်ခဲ့ပါသည်။
- ကျွန်တော်များအနေဖြင့် ယခုကိစ္စရပ်နှင့်ပတ်သက်ပြီး ဖြန့်ဖြူးထားသောမျိုးစေ့များအတွက် အပြည့်အဝဖြေရှင်းနေပါကြောင်းကိုလည်း အသိပေးပါသည်။

မိမိတွင်ရှိသော NK 625 5kg မျိုးစေ့ထုပ်များကို ပြန်လည်ပေးအပ်လိုပါက ဝယ်ယူခဲ့သောဆိုင်မှတစ်ဆင့်(သို့မဟုတ်)ကုမ္ပဏီထံသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပါသည်။ ၅ ကီလိုတစ်အိတ်လျှင် = ၁၆၅,၀၀၀ ကျပ် အပြည့်အဝပြန်လည်ပေးအပ်သွားပါမည်။ မိမိစိုက်ပျိုးထားရှိသည့်မျိုးစေ့များ၏ အပင်ပေါက်နှုန်းနှင့်စပ်လျဉ်း၍ အကြံဉာဏ်ရယူဆွေးနွေးလိုပါကလည်း ကိုယ်စားလှယ်ဆိုင်မှတစ်ဆင့်ဖြစ်စေ၊ ကုမ္ပဏီထံသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တောင်သူများအနေဖြင့် မိမိတို့ဝယ်ယူခဲ့သော ပြောင်းမျိုးစေ့ဈေးနှုန်းနှင့် ကုမ္ပဏီမှပြန်လည်ဝယ်ယူသော ၁၆၅,၀၀၀ ကျပ်ကြား ကွာဟမှုတစ်စုံတစ်ရာရှိပါက မိမိဝယ်ယူခဲ့သောဆိုင်များတွင် ညှိနှိုင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- **နီးစပ်ရာကိုယ်စားလှယ်ဆိုင်**
- **ရှမ်း(တောင်)၀၉-၇၅၀၂၁၁၆၈၇**
- **ရှမ်း(မြောက်)၀၉-၇၅၀၂၁၁၆၈၈**
- **info@ayeyarwaddyseeds.com**

ယခုကိစ္စရပ်ဖြစ်စဉ်တစ်လျှောက်လုံးတွင် နားလည်မှု၊ ယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသော ကိုယ်စားလှယ်များနှင့် တောင်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

မြန်မာ့ဩဘာလုပ်ငန်းစု၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ဧရာဝတီမျိုးစေ့ကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုနှင့်အတူ ကောင်းမွန်သောအရည်အသွေးများဖြင့် မြန်မာ့စိုက်ပျိုးရေးအသိုက်အဝန်း ရေရှည်အောင်မြင်မှုအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ယုံကြည်ရသောမျိုးစေ့၊ ထက်မြက်သောစွမ်းဆောင်ရည်**




### အစုရှယ်ယာလျှော့ချခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Huitai Manufacturing(Myanmar) COMPANY LIMITED" ဒါရိုက်တာအဖွဲ့၏ အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား USD 300,000 မှ USD 15,000 တိတိသို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**"Huitai Manufacturing(Myanmar) COMPANY LIMITED" 09250044658**

### ပျောက်ဆုံးကြောင်း

ဦးစည်သူထွဋ် ၁၂/ဗဟန(နိုင်)၁၀၃၆၄၈ အမည်ဖြင့် LEXUS LX 570 ဘောင်အမှတ် JTJHYOO W1H4224 959 ယာဉ်၏အခွန်စာရွက်စာတမ်းမူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၇၇၀၁၁**

### ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သောတံတားသစ်တွင်အသုံးပြုမည့် Detailed Structural Design of 3 Spans Continuous Steel Arch (50 m + 150 m + 50 m = 250 m)နှင့် Supervision for Erection of Steel Arch လုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် – (၂၃-၆-၂၀၂၅)

၃။ တင်ဒါပုံစံ အရောင်းပိတ်မည့်နေ့ရက်၊ အချိန် – (၂-၇-၂၀၂၅)၊ (၁၄:၀၀)နာရီ

၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန် – (၄-၈-၂၀၂၅)၊ (၁၆:၀၀)နာရီ

၅။ တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက် – ထပ်မံအကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်–

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်သို့လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD-012939 သို့ပေးသွင်းရမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**ဖုန်း – ၀၆၇ – ၄၀၇၅၁၄**

### ပျောက်ဆုံးကြောင်း

မြတ်နိုးခိုင်(ဘ)ဦးမြတ်စိုးအောင် ၁၄/ဖပန(နိုင်)၂၁၁၇၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

သင်းသင်းအေး(ဘ)ဦးလှခင် ၁၄/မအပ(နိုင်)၂၆၄၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ဖခင်အမည်မှန်

အထက(ခွဲ)လ(၄)ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-5 မှ မောင်ရဲရင့်အောင်၏ဖခင် ဦးကျော်ဝင်းထွဋ်၏အမည်မှန်မှာ ဦးထိပ်တင်ဦး ၁၄/ပသန(နိုင်)၃၅၅၈၉၁ ဖြစ်ပါကြောင်း။

**ဦးထိပ်တင်ဦး**

### ပျောက်ဆုံးကြောင်း

သန့်ဇင်လင်း(ဘ)ဦးသိန်းရွှေ ၁၁/ကဖန(နိုင်)၁၁၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း

စမ်းချောင်းမြို့နယ်၊ ကျွန်းတော/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၁၄)နေ နှင်းနှင်းကလျာ(ဘ)ဦးသိန်းခိုင် ၇/ဖပန(နိုင်)၁၅၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၃၄၀၂၉**

### ပျောက်ဆုံးကြောင်း

ပြည်မြို့၊ ဆွေးနွေးဘုရားလမ်း၊ အမှတ်(၁၆၈)နေ ဝင်းမြင့်(ဘ)ဦးမောင်ကို ၇/ပမန(နိုင်)၀၆၉၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၃၆၃၃၄၃**

### မိဘအမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဟိန်းရတနာအောင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade(2) မှ မောင်ချင်းဝေလင်း၏ ဖခင် ဦးဒေးနီအယ်ဖျက်ကျုံး ၉/ပမန(နိုင်)၂၁၁၀၁၈ နှင့် မိခင် ဒေါ်နုနုလွင် ၅/ဆလက(နိုင်)၀၅၈၅၈၀ ဖြစ်ပါကြောင်း။

**ဦးဒေးနီအယ်ဖျက်ကျုံး-ဒေါ်နုနုလွင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ မိုင်းလပ်အုပ်စုနေ အဘ ဦးကျော်ကျော်ခိုင်၏သမီး မဇင်သီတာခိုင်၁၃/ကတန(နိုင်)၁၈၉၀၆၃ နှင့် မဇင်မီမီကျော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဇင်သီတာခိုင်(ခ)မဇင်မီမီကျော်**

### အမည်ပြောင်း

ပုသိမ်မြို့၊ အမှတ်(၁၁)ရပ်ကွက်တွင်နေထိုင်သော (ဘ)ဦးမျိုးမင်းအောင် ၁၄/ပသန(နိုင်)၁၈၀၉၀၈ ၏သမီး မစံအိမ်လင်းလက်(Year-5 PEC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော)အား ယနေ့မှစ၍ မခေတ်ဆုစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခေတ်ဆုစံ**

### ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရွှေမြင့်မိုရ်ဦးဘုန်းကြီးကျောင်းလမ်းနေ ဦးမင်းမင်း(ဘ)ဦးတင်လှ ၃/မဝတ(နိုင်)၀၇၅၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၉၃၈၇၂၃၈**

## အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ်၊ ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း

**ရူပဗေဒ + သမိုင်းဘာသာရပ်** ရက်စွဲ။ ၂၀-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၀ | ၅၃၀၂ | ၈၅၈၂ | ၅၇ | ၅၇ | ၁၁၄ | ၉၈.၆၉% | ၁.၃၁% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၁၁၁၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၃ | ၁၉၃၇၈ | ၃၃၇၆၁ | ၂၇၅ | ၂၀၅ | ၄၈၀ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၃၉ | ၃၆၆၅၀ | ၆၂၇၈၉ | ၄၆၂ | ၄၂၂ | ၈၈၄ | ၉၈.၆၁% | ၁.၃၉% | |

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ရှင်းလင်းပြသပြီး လက်တွေ့သရုပ်ပြမဲပေးခြင်းပြုလုပ်


နေပြည်တော် ဇွန် ၂၀

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်ဆန္ဒမဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ အရာရှိ၊ စစ်သည်၊ မိသားစုများက မဲပေးစက်ဖြင့်လက်တွေ့စမ်းသပ်၍ သရုပ်ပြမဲပေးစဉ်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး(စစ်ကိုင်းတိုင်းဒေသကြီး)မှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်၍ သရုပ်ပြမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ ခုနှစ် ဇွန်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇွန် ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၇ ပေမှ ၁၀ ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၂ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေမှ ၆ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ၂ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **(မိုး/ဇလ)**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုမှတ်တမ်းဓာတ်ပုံ။


ဦးစောထွန်း(ဒဏ်ရာရ)


ဦးစိုးဇော်ဦး(ဒဏ်ရာရ)


ဦးမြင့်ကို(ဒဏ်ရာရ)


ဦးခင်မင်းဇော်(ဒဏ်ရာရ)


ဦးသောင်းဌေး(ဒဏ်ရာရ)


မဇူးရတနာကို (ဒဏ်ရာရ)

➤ ကျောဖုံးမှအဆက်

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန်လ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဝသုန္ဒရကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက အများပြည်သူထိခိုက်စေရန် ရည်ရွယ်၍ လက်နက်ကြီးဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်နက်ကြီးဗုံးသီးများမှာ ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ကျေးရွာနေသူများဖြစ်ကြသည့် ဦးခင်မင်းဇော် (၅၈)နှစ်၊ ဦးစောထွန်း(၅၅)နှစ်၊ ဦးစိုးဇော်ဦး (၃၈)နှစ်၊ ဦးမြင့်ကို (၅၉)နှစ်နှင့် မဇူးရတနာကို(၃)နှစ်တို့ ၅ ဦးတွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီတွင် မတ္တရာမြို့နယ်၊ လက်ကောင်းလေးကျေးရွာနေ ဦးသောင်းဌေး (၅၃)နှစ်သည် ကျေးရွာ၏အရှေ့ဘက်ရှိ ချောင်း၌ ငါးဖမ်းရန်သွားစဉ် ကျေးရွာနှင့် ၃ ဖာလုံခန့်အကွာအရောက် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် နင်းမိုင်းတစ်လုံးအား နင်းမိပေါက်ကွဲခဲ့သဖြင့် ဦးသောင်းဌေးတွင် ယာခြေသလုံးအောက်မှ ပြတ်ထွက်ဒဏ်ရာတစ်ချက်ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ PDF အမည်ခံအကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးဗုံးသီးကျရောက်ပေါက်ကွဲမှုနှင့် နင်းမိုင်းပေါက်ကွဲမှုတို့ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မန္တလေးပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုများဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးကာလိုအပ်ချက်များအပေါ် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံအကြမ်းဖက်သမားများက အပြစ်မဲ့အရပ်သားပြည်သူများအေးချမ်းစွာနေထိုင်လျက်ရှိသောရပ်ကွက်/ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာလှုပ်ရှားနေသည့်နေရာများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်ခဲ့မှုများကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောလုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော်  ဇွန်  ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် LEAPMOTOR C11 (Standard) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



# လားရှိုးမြို့နှင့် လှည်းကူးမြို့နယ်တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ





တရားခံ စိုးမင်းလတ်(ခ)လေးလုံး၊ ဝေဝေဦး(ခ)မီနား၊ ထွန်းလှဦး(ခ)အိုက်ဦးနှင့် ခင်စန်းမေ(ခ)ကရီးမားတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၂၀

လားရှိုးမြို့နှင့် လှည်းကူးမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၅ ရက် ည ၈ နာရီတွင် သတင်းအရ လားရှိုးမြို့ လားရှိုး-နမ္မတူသွားကားလမ်းတွင် စိုးမင်းလတ်(ခ)လေးလုံး မောင်းနှင်ပြီး ဝေဝေဦး(ခ)မီနားလိုက်ပါလာသည့်ဆိုင်ကယ်နှင့် ထွန်းလှဦး(ခ)အိုက်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၆၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၃၀၀)နှင့် ဘိန်းဖြူ အလေးချိန် သုည ဒသမ ၉၉ ကီလို (ဒေသတန်ဖိုးငွေကျပ် ၁၄၈ ဒသမ ၅ သိန်း)တို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ည ၉ နာရီတွင် လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၄)နေ ခင်စန်းမေ(ခ) ကရီးမား၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ (ဒေသတန်ဖိုးငွေကျပ် ၅ သိန်း)နှင့် ဘိန်းဖြူ အလေးချိန် သုည ဒသမ ၁၇ ကီလို (ဒေသတန်ဖိုးငွေကျပ် ၂၅ ဒသမ ၅ သိန်း)တို့ကိုလည်းကောင်း၊ အလားတူ ဇွန်လ ၁၈ ရက် ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာအုပ်စု ကျွန်းကလေးကျေးရွာ ရွှေမြေ(၁)လမ်းတွင် လမ်းလျှောက်လာသူ ကျော်ကျော်(ခ)မိုဟာမတ်အလီနှင့်လင်းနိုင်ထင်း တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၅၀) ဖမ်းဆီးရမိပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၅၅ မိနစ်တွင် လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ ရွှေမြေ(၁)လမ်းရှိ ကျော်ကျော်(ခ)မိုဟာမက်အလီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ (ဒေသတန်ဖိုးငွေကျပ် ၇၆ သိန်း)နှင့် အိုက်စ် (မက်သ်အဖက်တမင်း) သုည ဒသမ ၆ ကီလို (ဒေသတန်ဖိုးငွေကျပ်သိန်း ၂၁၀)တို့ကိုလည်းကောင်း ဆက်လက်ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**မြဝတီ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇွန်လ ၁၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၄) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၈၅၅၅၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၀၆၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၇၉၁၅၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




အေးရှားဝေါလ်ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၈)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၄၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ်(၂ ဒသမ ၄၃၂)တန်၊ မီးသွေး(၃၁ ဒသမ ၅၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၁၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ စစ်ကိုင်းမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးနှင့် မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၅၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Star Mpv Micro Bus (၁)စီးနှင့် Toyota Crown (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ လေယာဉ်ကွင်းလမ်းခွဲ ဂက်စ်ဆိုင်အနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၃) မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၁၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၅၅၆၅၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြေနီကုန်းကားဝင်း၊ ရွှေနဒီကားဂိတ်ရှေ့၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၁၉ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၀)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၅၉)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန်လ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၈၉၃၁၆၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသတင်း ရရှိသည်။

မြဝတီ

**ပျောက်ဆုံးကြောင်း**
ဦးခင်လှိုင်(ဘ)ဦးအေးဖေ ၁၂/ပဘတ(နိုင်)၀၁၀၆၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန်းရွှေမြင့်လှိုင်(ဘ)ဦးအောင်မြင့်လှိုင် ၁၁/စတန(နိုင်)၀၈၅၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 219211)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြာတင်(ဘ)ဦးဆင်တယ် ၁၃/လရန(နိုင်)၂၂၈၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရန်ကြားကြီ(ဘ)ဦးဆင်တယ် ၁၃/လရန(နိုင်)၂၂၈၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
စန္ဒာစိုး(ဘ)ဦးစိုးတင့် ၈/မလန(နိုင်)၀၈၃၈၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇော်လင်းခိုင်(ဘ)ဦးဟန်ရှိန် ၈/မဘန(နိုင်)၁၆၉၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝင်းလှိုင်(ဘ)ဦးရွှေကြည် ၈/တတက(နိုင်)၁၈၁၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ဒေါ်ဒုချီးဇီး(ဘ)ဦးနီကား ၅/ကလထ(နိုင်)၀၂၄၀၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၉၈၃၉၉၅၂

**ပျောက်ဆုံးကြောင်း**
ဇော်မိုး(ဘ)ဦးသိန်းအေး ၁၁/တကန(နိုင်)၀၅၉၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ကောင်းထက်အောင်(ဘ)ဦးဆန်းသွင်ဦး ၇/ပခန(နိုင်)၄၂၉၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၀၀၇၄၂၀

**ပျောက်ဆုံးကြောင်း**
ဝင်းမြတ်အောင်(ဘ)ဦးစိန်ထွန်း ၁၀/ပမန(နိုင်)၂၁၃၇၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
စိုင်းစိုင်းမျိုး(ဘ)ဦးအောင် ၁၀/ရမန(နိုင်)၂၇၈၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 685820)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
သန်လျင်ဆိပ်ကြီးနေ အဘ ဦးဇော်မင်းနိုင် ၁၄/ကကန(နိုင်)၀၈၃၅၃၄၏ သမီး မခိုင်နိုင်ထွန်း (ခ)မဆုဂျူလိုင်လင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မခိုင်နိုင်ထွန်း(ခ)မဆုဂျူလိုင်လင်း

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ အဘ ဦးခင်မောင်လေး၏သား ၁၂/လကန(နိုင်)၂၁၁၄၈၃ ကိုင်ဆောင်သူ မောင်သူရနိုင်အား မောင်ဟိန်းသူနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဟိန်းသူနိုင်

**ပျောက်ဆုံးကြောင်း**
ထက်လင်းအောင်(ဘ)ဦးစန်းလွင် ၈/အလန(နိုင်)၁၂၆၆၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 432845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းဟိလာမူး(ဘ)ဦးစောထွန်းလွင် ၃/ဘအန(နိုင်)၄၆၄၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 554252)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ယဉ်ယဉ်မိုး(ဘ)ဦးမြင့်ဦး ၁၂/ရပသ(နိုင်)၀၇၉၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြင့်မိုရ်ဦး(ဘ)ဦးသက်ပိုင်ထွေး ၁၂/ရပသ(နိုင်)၁၃၈၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အားခွေ(ဘ)ဟွမ်ဝင်ဖုန်း ၁၃/လရန(နိုင်)၀၅၃၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 241005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပွဲ့ပွဲ့ဝတ်ရည်သောင်း(ဘ)ဦးသန့်ဦး ၁၂/ဥကမ(နိုင်)၂၃၇၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဟိန်းထက်ကို(ဘ)ဦးမြတ်ထွဋ်စိုး ၁၂/ဒဂရ(နိုင်)၀၃၆၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လီချောက်ဆိန်(ဘ)ဦးလီယုန်မိတ် ၁၃/ကခန(နိုင်)၀၃၈၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်တိုးဦး(ဘ)ဦးအိုက်တီ ၁၃/ဆဆန(နိုင်)၀၀၀၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လားရှိလျူးအီး(ဘ)ဦးရဲမ်လားလာ ၅/တမန(နိုင်)၀၈၁၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာဇာဝင်း(ဘ)ဦးတင်ရှိန် ၁၂/သလန(နိုင်)၀၉၉၅၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 383078)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်ဇာခြည်ဝင်း(ဘ)ဦးဇော်ဝင်း ၇/ကတခ(နိုင်)၁၉၂၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 520287)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အမည်ပြောင်း**
မော်လမြိုင် အ.ထ.က(၆) Grade-11(B) မှ ဦးသောင်းကြည်+ဒေါ်မိုးမိုးဆင့်၏သား မောင်စွန်ကလေးအား မောင်ဖွဲ့လက်ရုံးဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဖွဲ့လက်ရုံး

**ပျောက်ဆုံးကြောင်း**
အမ်းဆာ(ဘ)ဦးအိုက်ဆိုင်ကပ် ၁၃/တယန(နိုင်)၀၇၇၂၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၀၃၅၃၆၅

**ပျောက်ဆုံးကြောင်း**
လားရှိုးမြို့နေ ဦးမောင်မောင်(ဘ)ဦးကန်ငင်း ၁/မမန(နိုင်)၀၁၂၆၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 810021)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကနက်သီရိရွာနေ လွင်မာအေး(ဘ)ဦးစိုးသိန်း ၆/သရခ(နိုင်)၀၆၆၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 833815)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၂၆၉၅၁

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
လောရှင်(ဘ)ဦးဂျာနော် ၁၃/နခန(နိုင်)၀၆၀၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 112447)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၄၅၅၇၆၆၆

**ပျောက်ဆုံးကြောင်း**
မလာလ်အင်ကိမ်းမီး(ဘ)ဦးရှက်သာ ၅/ကလထ(နိုင်)၂၀၉၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 343814)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မောင်ရှိရင်(ဘ)ဦးလီတေမိတ် ၁၃/ကခန(နိုင်)၁၀၆၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မဆင့်ဆင့်မိုး(ဘ)ဦးစို ၉/နထက(နိုင်)၁၆၁၃၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 962025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၀၁၀၆၀၃

**အလိမ္မာစာမှာရှိ**


မြန်မာလင်း(န်)အင်(န်)ဒဲလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအပိုင်းအနီး၊ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၀၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED
TROPHY
BY THE WORLD'S
BEST BEER
JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA


အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇
We Protect The Family

❖ **မိမိတို့နိုင်ငံတွင် အဂတိလိုက်စားမှုများ ကင်းရှင်းစေရန်အတွက် အားလုံးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ပျော်ဘွယ်မြို့နယ်တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ဓာတုပစ္စည်း Glacial Acetic Acid ၂၅၅၀၀ လီတာ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၀

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ သပြေရိုးကျေးရွာ၌ အထောက်အထားမဲ့ သိုလှောင်ထားသည့် Glacial Acetic Acid ၃၀ လီတာစီပါ ပလတ်စတစ်ပုံး ၈၅၀ ပုံးနှင့် အဆိုပါတရားမဝင်ပစ္စည်းများနှင့်ပါဝင်ပတ်သက်သူ ၅ ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် ည ၆ နာရီ ၃၀ မိနစ်ခန့်တွင် ပျော်ဘွယ်မြို့နယ်၊ သပြေရိုးကျေးရွာ၌ စာမျက်နှာ ၁၄ ကော်လံ ၁ ❐




ဖမ်းဆီးရမိသူများအား တရားမဝင်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ကျေးရွာအတွင်း အကြောင်းမဲ့ပစ်ခတ်ခြင်း၊ မိုင်းထောင်ခြင်းများကြောင့် ကလေးငယ် ၁ ဦးအပါအဝင် အပြစ်မဲ့ပြည်သူ ၆ ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၂၀

PDF အမည်ခံအကြမ်းဖက်သမားများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန်နှင့် အကြောက်တရားများလွှမ်းမိုးစေရန်ရည်ရွယ်၍ ပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drone ဖြင့် Drop Bomb များ ပစ်ချတိုက်ခိုက်ခြင်းများနှင့် အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ မိုင်းထောင်ထားခြင်း၊ ဖောက်ခွဲခြင်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာပြုလုပ်လျက်ရှိသည်။ စာမျက်နှာ၂၉ ကော်လံ ၁ ➤

# စစ်တောင်းမြစ်ရေ တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၀

ယနေ့ည ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ပြတ်တောက်သွားသောလက်ဖဝါးအား ပြန်ဆက်ပေးသည့်ခွဲစိတ်ကုသမှု အောင်မြင်စွာဆောင်ရွက်

စာ - ၆ သို့

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

၂၀-၆-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ခန္တီး | ၆ | ဒသမ | ၈၅ | လက်မ | ပေါင် | ၃ | ဒသမ | ၃၉ | လက်မ |
| ကျောက်ဖြူ | ၅ | ဒသမ | ၆၇ | လက်မ | ဘားအံ | ၂ | ဒသမ | ၃၃ | လက်မ |
| တောင်ငူ | ၅ | ဒသမ | ၅၁ | လက်မ | မော်လမြိုင် | ၂ | ဒသမ | ၁၇ | လက်မ |
| (လေကြောင်းမိုးလေဝသ) | | | | | ကော့ကရိတ် | ၂ | ဒသမ | ၀၃ | လက်မ |
| ဘိုကလေး | ၄ | ဒသမ | ၄၀ | လက်မ | ကျိုက်မရော | ၂ | ဒသမ | ၀၃ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၆၆ | လက်မ | ဘားအံ | ၂ | ဒသမ | ၀၁ | လက်မ |

